The Agribiz News
www.agribiznews.com.mm
ဿယာ စိုက်ပျိုး မွေးမြူး သတင်း
e-Paper-0047
၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်




# ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် ပြင်ဦးလွင်မြို့ ဒိုးကွင်ဥယျာဉ်ခြံ ပန်းသုတေသနလုပ်ငန်းများနှင့် မျိုးစေ့ထုတ်လုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော်၊ ဒီဇင်ဘာ ၂

**စိုက်**ပျိုးရေးမွေးမြူးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ဒီဇင်ဘာ ၂ ရက်နေ့ နေ့လည်ပိုင်းတွင် ပြင်ဦးလွင် ဒိုးကွင် ဥယျာဉ်ခြံ၏ သုတေသနပြု မျိုးစေ့ထုတ်လုပ်မှုများအား ကြည့်ရှုစစ်ဆေးရာ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ခြံတာဝန်ခံတို့က ရှင်းလင်းပြသကြသည်။

ပြည်ထောင်စုဝန်ကြီး က ခြံအတွင်း မျိုးစေ့ထုတ်လုပ်ရန်နှင့် သုတေသနပြုလုပ်ရန် စိုက်ပျိုးထားသော ဒေသသစ်ခွပန်းများ၊ မေမြို့ပန်းများ၊ ဂန္ဓမာပန်းများ၊ ဒေလီယာပန်းများ၊ ဒေစီပန်းများ အပါအဝင် ပန်းမျိုးများအား သုတေသနပြုလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး သုတေသနပြု ဖော်ထုတ်ရရှိသော ပန်းမျိုးသစ်များကို ပြင်ဦးလွင်ဒေသတစ်ဝိုက်ရှိ တောင်သူများ စိုက်ပျိုးနိုင်ရေးအတွက် နည်းပညာနှင့် မျိုးစေ့ဖြန့်ဖြူးရေး လုပ်ငန်းများကို နှစ်အလိုက် ပိုမိုထုတ်လုပ်ပေးနိုင်ရေး ကြိုးပမ်းကြရန် တာဝန်ရှိသူများအား မှာကြားသည်။

၂၀၂၃ခုနှစ်အတွင်း နိုင်ငံတော်အကြီးအကဲ၏ ပြင်ဦးလွင်ခရီးစဉ် လမ်းညွှန်ချက်များအရ ပြင်ဦးလွင်မြို့တော်ကို ပန်းမြို့တော်ဖြစ်ပေါ်စေရေး အတွက် ဒေသရေမြေရာသီဥတု နှင့် ကိုက်ညီသော မေမြို့ပန်းမျိုးများ၊ နှင်းဆီပန်းများအပါအဝင် အခြားသော ပန်းမျိုးများအား သုတေသနပြုလုပ်၍ အရောင်အသွေးစုံ အပွင့်ပုံစံမျိုးစုံ ထုတ်လုပ်ပြီး ပြည်တွင်း၊ ပြည်ပဈေးကွက် ရရှိရေးအတွက် ဒေသမျိုးအချင်းချင်း မျိုးကူးစပ်ခြင်း၊ စုဆောင်းထားရှိ သည့် ဒေသမျိုးများ နှင့် ပြည်ပမျိုးများ မျိုးစပ်မွေးမြူးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက် ရှိကြောင်း သိရှိရသည်။

ဒိုးကွင်ခြံသည် အကျယ်အဝန်း ၄၀ ဒသမ ၄၆ ဧကရှိပြီး ၁၉၅၈ ခုနှစ်တွင် ပရဆေးခြံအဖြစ် စတင်တည်ထောင်၍ ၂၀၀၄ ခုနှစ်မှစတင်ပြီး ဆေးဖက်ဝင်သစ်ခွစိုက်ပျိုးခြင်း၊ ဟင်းသီးဟင်းရွက် မျိုးစေ့ထုတ်လုပ်ခြင်း

စာ-၂ သို့

မတ်ပဲ အထွက်တိုးရေး နည်းပညာ
စာ–၈

ဝင်ငွေတိုးစေဖို့ ပုစွန်မွေးကြစို့
စာ–၁၆



# သမားရိုးကျမွေးမြူရေးမှ ခေတ်မီမွေးမြူရေးစနစ်ဖြင့် တိုးချဲ့မွေးမြူနိုင်ရေးနှင့် အဆင့်မြင့်ကုန်ချောများထုတ်လုပ်နိုင်ရေး ကွင်းဆင်းဆောင်ရွက်

နေပြည်တော်၊ ဒီဇင်ဘာ ၁၁

**စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ကြီးသည် ဒီဇင်ဘာ ၁၀ ရက်နေ့က မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်၊ ရေပြည့်ကျေးရွာရှိ GOOD BROTHER Co.,Ltd နို့စားနွား မွေးမြူရေးခြံ တွင် ဘရာမင် မျိုးမြှင့်တင် နွားသားပေါက်များ၊ မျိုးနွားသိုးများနှင့် မျိုးမြှင့်တင်ရေး ဆောင်ရွက်နေသည့် ဒေသနွားများ မွေးမြူထားရှိမှု ၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ မျိုးရည်ခဲချောင်းဖြင့် နွားမျိုးမြှင့်တင် သားဖေါက်နေမှု၊ နွားစာမြက်စိုက်ပျိုးထားရှိမှု ၊ နွားနောက်မွေးမြူထားရှိမှု နှင့် GBS Co.Ltd အနီးပတ်ဝန်းကျင်ရှိ ကျေးရွာများတွင်ရှိသော နွားများအား မွေးဖက်ပေး မွေးမြူထားရှိမှု၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် ပူးပေါင်း၍ ကာကွယ်ဆေး ထိုးပေးခြင်း ၊ ဆေးဝါး ထောက်ပံ့ပေးခြင်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး ဒေသဝမ်းစာ ဖူလုံရေးနှင့် ဈေးကွက်လိုအပ်ချက် ရှိနေသည့် အသားကဏ္ဍ တိုးတက်ထုတ်လုပ်နိုင်ရေး ဆိုင်ရာများကို တာဝန်ရှိသူများအား ဆွေးနွေးမှာကြားသည်။**

အလားတူ အောင်လံမြို့နယ်၊ ထရော်ကုန်းရပ်ကွက်ရှိ (စူပါမလိုင်) လုပ်ငန်း၏ မလိုင်လုံး၊ မလိုင်ခဲ ထုတ်လုပ်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယဝန်ကြီးက မွေးမြူရေးကို အခြေခံသည့် ခေတ်မီ ကုန်ချောထုတ်လုပ်မှု အားကောင်းလာစေရန် လုပ်ငန်းစဉ်ကွင်းဆက် တစ်လျှောက်တွင် ပါဝင်သူများ အားလုံး ပူးပေါင်းဆောင်ရွက်ရန် တာဝန်ရှိသူများအား ဆွေးနွေးမှာကြားသည်။ ၎င်းနောက် ဇေယျဝတီရပ်ကွက်ရှိ မွေးမြူရေးတောင်သူ ဦးစိုးလွင်၏ နို့စားနွား မွေးမြူရေး ခြံတွင် နို့စားနွား(၂၁) ကောင် မွေးမြူထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး မွေးမြူရေးတောင်သူများအား တိရစ္ဆာန်အစာ စိုက်ပျိုးကျွေးမွေးသည့် မွေးမြူရေး စနစ်နှင့် ရောဂါထိန်းချုပ် ကာကွယ်ရေး၊ သမားရိုးကျ မွေးမြူရေးမှ ခေတ်မီမွေးမြူရေး စနစ်သို့ ကူးပြောင်းဆောင်ရွက်ရန် လိုအပ်ချက်များကို မှာကြားသည်၊

ဒုတိယဝန်ကြီးသည် အောင်လံမြို့နယ်၊ စိုက်ပျိုးရေးဦးစီးဌာနရုံးတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန အောက်ရှိ မြို့နယ် စိုက်ပျိုးမွေးမြူရေး တာဝန်ခံများနှင့်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး(အနောက်) ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၊ တည်ဆောက်ရေး(၂) ဌည့်ခန်းမတွင် တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ် လယ်ယာကဏ္ဍဆိုင်ရာ တာဝန်ရှိသူများနှင့်လည်းကောင်း တွေ့ဆုံ၍ ပြည်တွင်း စားသုံးဆီဖူလုံရေးမျှော်မှန်းချက် အောင်မြင်စေရန် နေကြာသီးနှံကို သီးညှပ်စိုက်ခြင်းထက် သီးထပ်သီးနှံအဖြစ် ထိထိရောက်ရောက် စိုက်ပျိုးလုပ်ကိုင်နိုင်ရေး တွန်းအားပေး ဆောင်ရွက်ကြရန်ကိစ္စရပ်များ၊ အခြားဝင်ငွေရသီးနှံများ၏ စိုက်ပျိုးထုတ်လုပ်မှု လျော့ကျခြင်း မရှိစေရန် နေကြာသီးနှံ ဖြစ်ထွန်းအောင်မြင်နိုင်သည့် ဒေသများကို ရွေးချယ်၍ စိုက်ပျိုးမြေအရည်အသွေးစစ်ဆေးပေးခြင်း၊ လိုအပ်ပါက မြေဆီအာဟာရ ထည့်သွင်းခြင်းနှင့် စိုက်ပျိုးမြေ ပြုပြင်နိုင်ရေး ဆောင်ရွက်ပေးခြင်း၊ ရေရရှိရေး ဆောင်ရွက်ပေးခြင်း၊ မျိုးစေ့ သွင်းအားစုနှင့် လိုအပ်ချက်များ ဖြည့်ဆည်းကူညီကြပ်မတ်၍ တောင်သူအကျိုးရှိ စေမည့် သီးနှံအထွက်နှုန်းနှင့် လက်တွေ့ထိရောက်သော စားသုံးဆီ ထုတ်လုပ်မှု ဖြစ်စေရေး ဆောင်ရွက်ကြရန်၊ နို့စားနွားမွေးမြူမှုဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်တွင်း နို့နှင့် နို့ထွက်ပစ္စည်း ထုတ်လုပ်မှု မြင့်မားလာစေရေးနှင့် ပြည်ပမှ နို့ထွက်ပစ္စည်းများ တင်သွင်းမှု လျော့ချ နိုင်ရေးအတွက် မေထုန်မဲ့သားစပ် လုပ်ငန်းများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားသည်။

ညနေပိုင်းတွင် ဒုတိယဝန်ကြီးသည် ပြည်မြို့၊ အောင်မြေရွာရှိ မွေးမြူရေးတောင်သူ ဦးလင်းသက်အောင်၏ အသားတိုးကြက်မွေးမြူရေး ခြံတွင် အသားတိုးကြက် ၁၅၀၀၀ မွေးမြူထားမှုကိုလည်းကောင်း၊ လက်ပံတန်းမြို့နယ်၊ ညောင်ဝိုင်း

စာ-၄ သို့

ရှေ့ဖုံးမှ-

သုတေသနစမ်းသပ်ကွက်များ ဆောင်ရွက်ခြင်း လုပ်ငန်းများ ကို ဆောင်ရွက်ခဲ့ကြောင်း၊ ၂၀၂၂ ခုနှစ်မှစတင်၍ ဒေသသစ်ခွပန်းမျိုး စုဆောင်းခြင်းလုပ်ငန်းကို စတင်ဆောင်ရွက်ခဲ့ရာ မြန်မာနိုင်ငံတစ်ဝန်းမှ သစ်ခွမျိုးပေါင်း ၁၀၃ မျိုး စုဆောင်းထားရှိပြီး တစ်သျှူးနည်းပညာဖြင့် မျိုးပွားများခြင်း၊ မင်္ဂလာဒုံသစ်ခွခြံ၊ ဘားလားသစ်ခွခြံတို့နှင့် သစ်ခွမျိုးစပ်ခြင်း သုတေသနလုပ်ငန်းများ ပူးပေါင်းဆောင်ရွက် ခြင်းများ ပြုလုပ်ခဲ့ကြောင်း၊ မင်္ဂလာဒုံသစ်ခွခြံမှ မျိုးစပ်ထုတ်လုပ်သော သစ်ခွစပ်မျိုး ၁၂မျိုး အား ပြင်ဦးလွင်ဒေသ ရေမြေအခြေအနေနှင့် ကိုက်ညီမှု ရှိ/မရှိ စမ်းသပ်စိုက်ပျိုး ဆောင်ရွက်လျက်ရှိကြောင်း၊ နှင်းဆီမျိုးကွဲပေါင်း ၃၂ မျိုးအနက် ထူးခြားသည့် အရောင်၊ အပွင့်၊ ပုံစံနှင့် မွှေးရနံ့ ရရှိစေရေး ရွေးချယ်မျိုးစပ်လျက်ရှိရာ စပ်မျိုးအတွဲပေါင်း ၂၁ တွဲ မျိုးစပ်ထားရှိကြောင်း၊ လာမည့်နှစ်တွင် အဆိုပါစပ်မျိုးများအား အပင်အဖြစ်မွေးမြူ၍ ထူးခြားသည့် အနံ့၊ အပွင့်၊ အရောင်တို့ကို စိုက်ပျိုးရွေးချယ်ပြီး ဒေသတွင်း စီးပွားဖြစ် ခြံများသို့ မျိုးသစ်များ ဖြန့်ဖြူးနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အလားတူ ပြည်တွင်း ဒေသမျိုး မေမြို့ပန်းများအား တာရှည်ခံနိုင်ရေး ၊ အပင်ပင်စည် တောင့်တင်း မှုရှိစေရေး၊ ရောင်စုံ မျိုးသစ်များပေါ်ထွက်ရေး သုတေသနလုပ်ငန်းများ ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း ၊ ပြင်ဦးလွင်ဒေသတွင် ဖြစ်ထွန်းနိုင်သည့် ဒေစီပန်း၊ ကညွတ်ပန်း၊ ကျောက်ခတ်ပန်း၊ ရေမွှေးပန်း၊ တိုးနယားပန်းအပါအဝင် ဒေသပန်းမျိုးစုံအား ဈေးကွက်ဝင် အရည်အသွေးဖြင့် မျိုးထုတ်လုပ်နိုင်ရေးကိုလည်း သုတေသနပြု ဖော်ထုတ် ဆောင်ရွက်လျက်ရှိကြောင်း၊ ဒိုးကွင်ဥယျာဉ်ခြံမှ နှစ်စဉ် ဂန္ဓမာပန်းပျိုးပင် ၆ သိန်း၊ ကြက်မောက်ပန်း ပျိုးပင် ၅ ထောင် ၊ ဒေလီယာပန်း ပျိုးပင် ၂ ထောင်၊ ဒေစီပန်းပျိုးပင် ၁၂၀၀ ၊ ရေမွှေးပန်း ပျိုးပင် ၁၅၀၀ ၊ သစ်ခွပန်းပျိုးပင် ၁၅၀၀ ၊ မေမြို့ပန်းမျိုးစေ့ များကို နှစ်စဉ် ဖြန့်ဖြူး ပေးလျက် ရှိသည့်အပြင် နှစ်စဉ်ကျင်းပလျက်ရှိသော ပြင်ဦးလွင် ပန်းပြပွဲသို့လည်း မျိုးစေ့ ပျိုးပင်များ ဖြန့်ဖြူးပေးလျက်ရှိကြောင်း၊ ပြင်ဦးလွင်အား ပန်းမြို့တော်ဖြစ်စေရေးအတွက် နည်းပညာ ဖြန့်ဖြူးပေးခြင်း၊ မျိုးစေ့များဖြန့်ဖြူးပေးခြင်းလုပ်ငန်းများကို ပညာရှင်များစုဖွဲ့၍ ဆောင်ရွက်လျက် ရှိကြောင်း သတင်းရရှိသည်။

**MOALI**

# ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ဒုတိယ ၁၀ ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒ ခန့်မှန်းချက်



## ဘင်္ဂလားပင်လယ်အော်အခြေအနေ

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ်ဖြစ်ပေါ်နိုင်သည်။ ဘင်္ဂလား ပင်လယ်အော်မြောက်ပိုင်းနှင့် အရှေ့အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနိုင်ပြီး ကပ္ပလီ ပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနိုင်သည်။

## မိုးအခြေအနေနှင့် မိုးရွာရက်

မိုးရွာသွန်းမှုအခြေအနေမှာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး အနောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် ရွာသွန်းမြဲအောက် လျော့နည်းနိုင်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးအရှေ့ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင် ရွာသွန်းမြဲခန့်မိုးထစ်ချုန်းရွာနိုင်သည်။

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင် ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင် ၂ ရက်မှ ၃ ရက်ခန့်နှင့် နေပြည်တော်၊ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊မကွေးတိုင်း ဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့်ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် တစ်ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

## ညအပူချိန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် ဒီဇင်ဘာလပျမ်းမျှအပူချိန်၏ ၁ ဒသမ ၅ ဒီဂရီဆဲလ်စီးယက်နှင့်အောက် လျော့နည်းနိုင်ပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်း ဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့်ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် ဒီဇင်ဘာလ ပျမ်းမျှ အပူချိန်ခန့်သာရှိနိုင်သည်။

## မြူအခြေအနေ

မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၅ ရက်မှ ၉ ရက်ခန့်နှင့် နေပြည်တော်၊ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်း ဒေသကြီး၊ ကရင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင်၁ ရက်မှ ၄ ရက်ခန့် နံနက်ပိုင်းတွင် မြူထူ များဆိုင်းနိုင်သည်။

## မြစ်ရေအခြေအနေ

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ပေဝက်မှ ၁ ပေခွဲခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် ပေဝက်မှ ၁ ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်း လာနိုင်သည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် ပေဝက်ခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့တွင် ၃ လက်မခန့်၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် ၁ ပေမှ ၂ ၁ ပေခွဲခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင်ပေဝက်မှ ၁ ပေခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ပေဝက်ခန့်၊ပဲခူးမြစ်ရေသည် ဇောင်းတူမြို့နှင့် ပဲခူးမြို့တို့တွင် ပေဝက်မှ ၁ ပေခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ၁ ပေခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ပေဝက်ခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၊သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် ပေဝက်မှ ၁ ပေခန့်၊ တိုးမြစ်ရေသည် မအူပင် မြို့တွင် ၁ ပေခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ပေဝက်ခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန

**စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များဘေးအန္တရာယ်ကင်းရှင်းစေရန်နှင့်ဈေးကွက်ရရှိစေရန် စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်း၊ ကောင်းမွန်သောရေသတ္တဝါ မွေးမြူရေးကျင့်စဉ်၊ ကောင်းမွန်သောတိရစ္ဆာန်မွေးမြူရေးကျင့်စဉ် တို့ကို လိုက်နာကျင့်သုံးပါ။**

Agribiz News www.agribiznews.com.mm
agribiznews.com.mm

Agribiz Mobile Application

တာဝန်ခံအယ်ဒီတာ
ထွန်းသက်ပိုင်

ထုတ်ဝေသူ
ဒေါက်တာအောင်ဇံထွေး(မြ-၀၀၄၁၀)

အယ်ဒီတာအဖွဲ့ဝင်များ
ကျော်သူနိုင်
ကိုရင်အောင်မိုး
ထက်ဝေအောင်(စစ်ကိုင်း)

လိပ်စာ
ရုံးအမှတ်(၄၃)၊ စိုက်ပျိုးရေး မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ နေပြည်တော်
ဖုန်း ၀၆၇ ၃၄၁၀၁၄၂




# စိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံ (ပျဉ်းမနား) ၏ဒသမအကြိမ်မြောက် စိုက်ပျိုးရေးဒီပလိုမာနှင့်ဒုတိယအကြိမ်မြောက်မွေးမြူရေးဒီပလိုမာ အောင်လက်မှတ်အပ်နှင်း

နေပြည်တော်၊ ဒီဇင်ဘာ ၄

**စိုက်**ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံ (ပျဉ်းမနား)၏ ဒသမအကြိမ်မြောက် စိုက်ပျိုးရေးဒီပလိုမာနှင့် ဒုတိယအကြိမ်မြောက် မွေးမြူရေးဒီပလိုမာ အောင်လက်မှတ်အပ်နှင်းပွဲ အခမ်းအနားကို ဒီဇင်ဘာ ၄ ရက်နေ့မွန်းလွဲပိုင်းက အဆိုပါကျောင်း၌ကျင်းပသည်။

အခမ်းအနားသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်၊ နေပြည်တော်ကောင်စီ အတွင်းရေးမှူး ဦးတိုးဝင်းနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံ (ပျဉ်းမနား)၏ စီမံခန့်ခွဲရေးနှင့် ပညာရေးအဖွဲ့ဝင်များ၊ ဆရာ ဆရာမများ ၊ ကျောင်းဆင်း မောင်မယ်များ နှင့် မိဘဆွေမျိုးများ တက်ရောက်ကြသည်။

အခမ်းအနား အစီအစဉ် ပထမပိုင်းတွင် ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ် က အမှာစကားပြောကြားရာ၌ ယနေ့သည် စိုက်ပျိုးရေး နှင့် မွေးမြူရေးသိပ္ပံ (ပျဉ်းမနား)တွင် ၃ နှစ်တာကာလအတွင်း စာတွေ့လက်တွေ့သင်ယူပေါက်မြောက်ခဲ့မှုကို နိုင်ငံတော်က အသိအမှတ်ပြုသည့် နေ့တစ်နေ့ဖြစ်ကြောင်း၊ နိုင်ငံတော်၏ စားရေရိက္ခာဖူလုံပိုလျှံရေး၊ အာဟာရ ပြည့်ဝရေး နှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသော လူ့စွမ်းအား အရင်းအမြစ်အသစ်များ ပေါ်ထွက်လာသည့် အထိမ်းအမှတ်နေ့လည်း ဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် စိုက်ပျိုးရေးအခြေခံကုန်ထုတ်လုပ်မှု (Agro-based Industries) ကို ထွန်းကာအောင် အဓိကဦးစားပေးဆောင်ရွက်ရမည်ဖြစ်ပြီး ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှု (Sustainable Development) ပန်းတိုင်များကို အာရုံစိုက်ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ "နိုင်ငံတော်ရွေးသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့" ဆောင်ပုဒ်နှင့်အညီ ကဏ္ဍအသီးသီးကို ချိတ်ဆက်အကောင်အထည်ဖော်ရန် လိုအပ်ပါကြောင်း၊

ဒီပလိုမာ ပြီးမြောက်သူများ အနေဖြင့် ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်၊ မွေးမြူရေး ဆိုင်ရာဆေးတက္ကသိုလ်၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးတက္ကသိုလ် (မအူပင်) တို့တွင် ဆက်လက်၍ ဘွဲ့ကြိုနှင့် ဘွဲ့လွန်ပညာရပ်များ သင်ယူခွင့်ရှိပါကြောင်း၊ သက်ဆိုင်ရာလုပ်ငန်းများ၌ ဝင်ရောက် လုပ်ကိုင်ပါက သတ်မှတ်ကာလတွင် On Deputation ဖြင့် အဆင့်မြင့်ပညာရပ်များ ဆက်လက်သင်ယူခွင့် ရရှိနိုင်မည် ဖြစ်ပါကြောင်း၊

ယခုအခါတွင် အရေးပါလာသော ဉာဏ်ရည်တု (AI) နည်းပညာ အပါအဝင် ခေတ်မီ စိုက်ပျိုးမွေးမြူရေး နည်းပညာများကို အသုံးပြုကာ မိမိဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးဆောင်ဦးရွက်ပြုနိုင်သော စိုက်ပျိုးမွေးမြူရေး ပညာရှင်များဖြစ် လာစေရန်နှင့် ကမ္ဘာ့စားနပ်ရိက္ခာ လိုအပ်ချက်အား ဖြည့်ဆည်းပေးနိုင်သူများ ဖြစ်လာစေရေး ဆက်လက် ကြိုးပမ်းသွားကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး က ပထမနှစ်မှ တတိယနှစ် အထိ တန်းစဉ်ပေါင်း ပထမ၊ ဒုတိယ၊ တတိယဆု ရရှိသူများကို ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်သည်။

အခမ်းအနား အစီအစဉ် ဒုတိယပိုင်းတွင် စိုက်ပျိုးရေး နှင့်မွေးမြူရေးသိပ္ပံ (ပျဉ်းမနား)ကျောင်းအုပ်ကြီးက စိုက်ပျိုးရေး ဒီပလိုမာဘွဲ့ ၁၆၈ ဦးနှင့် မွေးမြူရေး ဒီပလိုမာ ဘွဲ့ ၃၂ ဦးအား ဆိုင်ရာအောင်လက်မှတ်များ ပေးအပ်သည်။

စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာန အောက်ရှိ တိုင်းဒေသကြီး ပြည်နယ်အသီးသီးမှ စိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံ ၁၅ ကျောင်းအနေဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လိုအပ်လျက်ရှိသော အလယ် အလတ်အဆင့် စိုက်ပျိုးရေး နှင့် မွေးမြူရေး ပညာရှင် လူသားအရင်းအမြစ်များ သင်ကြားလေ့ကျင့်ပေးလျက်ရှိရာ ယနေ့အခမ်းအနား၌ ဒီပလိုမာလက်မှတ်ရရှိသူများ အပါအဝင် စိုက်ပျိုးရေးဒီပလိုမာ လက်မှတ်ရ ၅၆၈၄ ဦးနှင့် မွေးမြူရေးဒီပလိုမာလက်မှတ်ရ ၁၇၉ ဦး၊ စုစုပေါင်း ၅၈၆၃ ဦးကို မွေးထုတ်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

**MOALI**

စာ-၇ မှ-

ဧပြီလတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ တင်ပို့မှုများ တိုးမြှင့်ရန် စီစဉ်ထားကြောင်း ပြောကြားခဲ့သည့် Coastal Corporation ၏ ရှယ်ယာများသည်လည်း ၅ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး အောက်တိုဘာလ ၂၄ ရက်နေ့နောက်ပိုင်း အမြင့်ဆုံးနှုန်းဖြစ်ကြောင်း သိရသည်။

**ကောင်းထွဋ်အောင်**

Reuters, Indian seafood exporters gain on report of China suspending Japanese imports, November 19, 2025

စာ-၇ မှ-

ရရှိခဲ့ကြောင်း သိရသည်။

FCS ၏ အချက်အလက်များအရ ရုရှားနိုင်ငံ၏ ဥရောပနိုင်ငံများနှင့် ကုန်သွယ်မှုပမာဏသည် သိသာစွာ ကျဆင်းလျက်ရှိပြီး အာရှနိုင်ငံများနှင့် ကုန်သွယ်မှုသည် တိုးတက်လျက်ရှိကြောင်း သိရ သည်။

**ခွန်မျိုးသူ**

https://www.kommersant.ru/doc/8193436

စာ-၂ မှ-

ကျေးရွာရှိ မွေးမြူရေး တောင်သူ ဦးလှရွှေ ၏ San Jin, MRC ဥစားကြက် ၁၃၅၀၀၀ မွေးမြူထားပြီး ဒေသတွင်း ဖြန့်ဖြူးပေးနေမှုကို လည်းကောင်း ကြည့်ရှု စစ်ဆေးပြီး ပတ်ဝန်းကျင် သန့်ရှင်းရေး၊ လုပ်ငန်းခွင် ဆောင်ရွက်သူများ ကူးစက်ရောဂါ ကင်းစင်ရေး၊ တစ်ကိုယ်ရည် သန့်ရှင်းရေး အလေးထား ဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်းသတင်းရရှိသည်။

**MOALI**

AgribizNews ဝက်ဘ်ဆိုက်နှင့် e-Paper တို့တွင်

ကြော်ငြာများ

ထည့်သွင်းနိုင်ပါပြီ

ဆက်သွယ်ရန် ၀၉၇-၃၄၁၀၉၁၆

# ပေါင်းလောင်းရေပိုလွှဲ ပထမအဆင့်ပြန်လည်ပြုပြင်ခြင်းလုပ်ငန်း အထက်ဘက်ပိုင်း၏အပိုင်း(၂) ဆောင်ရွက်မှုကြည့်ရှုစစ်ဆေး

နေပြည်တော်၊ ဒီဇင်ဘာ ၅

ရာဂီမုန်တိုင်း၏အရှိန်ကြောင့် မိုးသည်းထန်စွာ ရွာသွန်းမှု ဖြစ်ပေါ်ခဲ့ပြီး ပြည်ထောင်စု နယ်မြေ နေပြည်တော် ဇေယျာသီရိမြို့နယ်ရှိ ပေါင်းလောင်း ရေလှောင်တမံ၏ ရေပိုလွှဲမှ ၁၁ ဒသမ ၈၇ ပေအထိ ရေကျော်ကျစီးဆင်းခဲ့ရာ ပင်မရေပိုလွှဲ အဆောက်အဦ ထိခိုက်ပျက်စီးမှု မရှိခဲ့သော်လည်း ရေပိုလွှဲ ပထမအဆင့် တွင် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့မှုကြောင့် ၂၀၂၅-၂၀၂၆ မိုးရာသီကာလမတိုင်မီ ပေါင်းလောင်းရေပိုလွှဲ ပထမအဆင့် အောက်ဘက်ပိုင်း၏ အပိုင်း(၁) ပြန်လည် ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးခဲ့မှု အခြေအနေနှင့် ယခု ပွင့်လင်းရာသီတွင် ပြုပြင်ရန်ကျန်ရှိသော ရေပိုလွှဲပထမအဆင့် အထက်ဘက်ပိုင်း၏ အပိုင်း(၂) စတင်အကောင် အထည်ဖော် ဆောင်ရွက်နေမှုအား ဒီဇင်ဘာ ၄ ရက်နေ့ မွန်းလွဲပိုင်းက စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်နှင့်တာဝန်ရှိသူများ ကြည့်ရှု စစ်ဆေးခဲ့ကြကြောင်း သိရသည်။



ကြည့်ရှုစစ်ဆေးစဉ် တာဝန်ရှိသူများက ပေါင်းလောင်း ရေလှောင်တမံ ရေဝင်ရောက်မှု အခြေအနေနှင့် ရေပိုလွှဲ ပထမအဆင့် ပြန်လည်ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်နေသည့် အခြေအနေများအား ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက သတ်မှတ် စံချိန်စံညွှန်းများနှင့်အညီ အရည်အသွေး ပြည့်မီစွာ အချိန်မီပြီးစီးရေး အလေးထား ဆောင်ရွက်ကြရန်၊ ရေလှောင်တမံနှင့် ရေပိုလွှဲတို့၏ ကြံ့ခိုင်ရေးကို Dam Monitoring စောင့်ကြည့်တိုင်းတာ စစ်ဆေးမှုများ အမြဲမပြတ် ဆောင်ရွက်ကြရန်၊ စောင့်ကြည့်တိုင်းတာ စစ်ဆေးမှု အစီရင်ခံစာ Dam Monitoring Report အား ပုံမှန်တင်ပြ ဆောင်ရွက်ရန်နှင့် အခြားနည်းပညာ ပိုင်းဆိုင်ရာ လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ဇေယျာသီရိ မြို့နယ်ရှိ မပိုက်ကယ်ရိုး ရေနုတ်မြောင်း တူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆက်လက်ဆောင်ရွက်နေမှုကို လည်းကောင်း၊ ယခုနှစ် မိုးရာသီအတွင်း ရေကြီးရေလျှံမှုကြောင့် နရဘန်ချောင်းရေတိုက် စားပျက်စီးမှုဖြစ်ပေါ်ခဲ့ပြီး စိုက်ပျိုးရေးသုတေသနဦးစီးဌာန ဝန်းအတွင်းရှိ လယ်မြေများနှင့် ရေနုတ်မြောင်းများတွင် သဲနုန်းများ ပို့ချခဲ့မှုကြောင့် ရေစီးရေလာ အဟန့်အတားဖြစ်ပေါ်လျက်ရှိသဖြင့် စိုက်ပျိုးရာသီအမီ ပြန်လည်တူးဖော်နိုင်ရေး ဆောင်ရွက်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

ထို့မှတဆင့် ဒုတိယဝန်ကြီး သည် ရေဆင်းတက္ကသိုလ်များ နယ်မြေရှိ စိုက်ပျိုးရေး တက္ကသိုလ် ဘောလုံးကွင်း ၏ ပွဲကြည့်စင်နှင့် မီတာ(၄၀၀) ပြေးလမ်း အဆင့်မြှင့်တင် တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု၊ ကျောင်းသား ကျောင်းသူများ၏ အပန်းဖြေရိပ်သာ (Re-creation Center) စီမံကိန်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တည်ဆောက်ရေး လုပ်ငန်းများ အရည်အသွေးပြည့်မီစေရေး အထူးအလေးထား ဆောင်ရွက်ကြရန်နှင့် သက်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

MOALI

# အမေရိကန်ဒေါ်လာ သန်း ၅၅၀ တန်ဖိုးရှိ ကွန်တိန်နာဆိပ်ကမ်း ဆောင်ရွက်ခွင့်စာချုပ် ဘင်္ဂလားဒေ့ရှ် လက်မှတ်ရေးထိုး



ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ချာတာဂရမ်ရှိ Laldia ကွန်တိန်နာဆိပ်ကမ်း တည်ဆောက်ရေးအတွက် US$550 သန်းကျော်တန်ဖိုးရှိ လုပ်ငန်း ဆောင်ရွက်ခွင့်စာချုပ်ကို လက်မှတ်ရေးထိုးခဲ့သည်။ ဤဆိပ်ကမ်းကို Public-Private ပူးပေါင်းစီမံကိန်းအဖြစ် CPA (Chittagong Port Authority), APM Terminals နှင့် ဒေသခံ QNS Container Services Ltd. တို့ ပူးပေါင်းဆောင်ရွက်မည်ဖြစ်သည်။ စာချုပ်အရ APM Terminals သည် ၃၀ နှစ်ကြာ လုပ်ဆောင်ခွင့်ရရှိမည်ဖြစ်ပြီး အဓိက စွမ်းဆောင်ရည်ညွှန်ကိန်းများအပေါ် မူတည်၍ တိုးချဲ့ခွင့် ရနိုင်မည်ဖြစ်သည်။ ရင်းနှီးမြှုပ်နှံသူများသည် ဒီဇိုင်းရေးဆွဲခြင်း၊ ငွေကြေးထောက်ပံ့ခြင်း၊ တည်ဆောက်ခြင်းနှင့် လည်ပတ်လုပ်ဆောင်ခြင်းတို့ကို ဆောင်ရွက်မည်ဖြစ်ပြီး ဤမော်ဒယ်ဖြင့် ဘင်္ဂလားဒေ့ရှ်၏ ဆိပ်ကမ်းကဏ္ဍအတွက် ပထမဆုံးစီမံကိန်းဖြစ်လာမည်ဖြစ်သည်။

APM Terminals ၏ CEO Keith Svendsen က "ဒေသခံ ထုတ်လုပ်သူများ၊ တင်ပို့သူများ၊ တင်သွင်းသူများနှင့် ဘင်္ဂလားဒေ့ရှ် စီးပွားရေး တိုးတက်မှုကို ပံ့ပိုးနိုင်မည်" ဟု ပြောကြားပြီး "အနာဂတ်အလုပ်အကိုင် အခွင့်အလမ်းများဖြင့် လုံခြုံပြီး ထိရောက်သော ဆိပ်ကမ်း" တစ်ခု ဖန်တီးရန် ရည်ရွယ်ထားကြောင်း ထပ်မံဖော်ပြခဲ့သည်။

ဤတည်ဆောက်မှုသည် ဒိန်းမတ်နှင့် ဘင်္ဂလားဒေ့ရှ်တို့အကြား

စာ-၉ သို့

# မီဇိုရမ်ပြည်နယ်သည် အိန္ဒိယနိုင်ငံ၏ 'ချင်း မြို့တော်' ဖြစ်လာရန် လမ်းကြောင်းပေါ် ရောက်ရှိနေ



မီဇိုရမ် ပြည်နယ်သည် အိန္ဒိယနိုင်ငံ၏ ထိပ်တန်းချင်းသီးနှံဗဟိုချက် (Ginger hub) အဖြစ် လျင်မြန်စွာ ပေါ်ထွက်လာပြီး စိုက်ပျိုးရေးနှင့် တောင်သူလယ်သမားများ သုခချမ်းသာရေးဝန်ကြီးဌာန (Ministry of Agriculture and Farmers' Welfare) နှင့် NITI Aayog တို့က ပြည်နယ်အား နိုင်ငံ၏ "ချင်းသီးနှံမြို့တော်" (Ginger Capital) အဖြစ် မြှင့်တင်ရန် နည်းလမ်းများကို ရှာဖွေလျက်ရှိကြောင်း၊ အဆိုပါ လုပ်ဆောင်ချက်သည် ပြည်နယ်၏ အဓိကသီးနှံဖြစ်သော ချင်းသီးနှံ၏ ထုတ်လုပ်မှု၊ အမှတ် တံဆိပ်နှင့် ဈေးကွက်ရောက်ရှိမှုကို မြှင့်တင်ရန် ပိုမိုကျယ်ပြန့်သော မဟာဗျူဟာ၏ တစ်စိတ်တစ်ပိုင်း ဖြစ်ကြောင်း သိရသည်။

အဆိုပါ အဆိုပြုချက်သည် New Delhi မြို့တော်တွင် NITI Aayog နှင့် Mizoram အစိုးရတို့ ပူးပေါင်းစီစဉ်ကျင်းပသော Mizoram ပြည်နယ်၏ ချင်းသီးနှံကဏ္ဍဆိုင်ရာ အဆင့်မြင့် အကြံညဏ် ရယူပွဲတွင် အရှိန်အဟုန်ရ လာခဲ့ခြင်းဖြစ်သည်။ အဆိုပါ အခမ်းအနားတွင် တောင်သူလယ်သမား ထုတ်လုပ်သူအဖွဲ့အစည်းများ၊ ထုတ်လုပ်မှုကဏ္ဍဆိုင်ရာ အသင်းအဖွဲ့များနှင့် တင်ပို့သူများမှ ကိုယ်စားလှယ်များသည် ဈေးကွက်ချိတ်ဆက်မှုများ ခိုင်မာစေရန်၊ ပြုပြင်ထုတ်လုပ်မှု အခြေခံအဆောက်အအုံများမြှင့်တင်ရန်နှင့် ထောက်ပံ့ရေးကွင်းဆက် စိန်ခေါ်မှုများကို ဖြေရှင်းရန်အတွက် မဟာဗျူဟာ ဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

Mizoram ပြည်နယ်၏ ချင်းသီးနှံသည် ပြည်နယ်အစိုးရ၏ 'Bana Kaih' အစီအစဉ်နှင့် ၁ ကီလိုဂရမ်လျှင် ရူပီး ၅၀ နှုန်းဖြင့် သတ်မှတ်ထားသော အနိမ့်ဆုံးပံ့ပိုးဈေးနှုန်း (MSP) အောက်တွင် အထောက်အပံ့ပေးထားကာ ပြီးခဲ့သည့် နှစ်နှစ်အတွင်း သိသိသာသာ တိုးချဲ့ခဲ့ကြောင်း သိရသည်။ တာဝန်ရှိသူများက ထုတ်ကုန်၏ သဘာဝအရည်အသွေးကို ထိန်းသိမ်းခြင်း၊ ခေတ်မီ ပြုပြင်ထုတ် လုပ်မှုနည်းပညာများကို လက်ခံကျင့်သုံးခြင်းနှင့် ပြည်တွင်းပြည်ပ ဈေးကွက်များကို ကွဲပြားအောင် လုပ်ဆောင်ခြင်းတို့သည် ခိုင်မာသော အမှတ်တံဆိပ် အထောက်အထားကို တည်ဆောက်ရန်အတွက် အဓိကကျမည်ဟု မှတ်ချက်ပြုခဲ့ကြကြောင်း သိရသည်။

ဝန်ကြီးချုပ် Lalduhoma က မီဇိုရမ် ပြည်နယ်၏ အရည်အသွေး မြင့်ချင်းသီးနှံသည် ပြည်နယ်အား အိန္ဒိယ၏ ထိပ်တန်းထုတ်လုပ်သူများအလယ် နေရာရစေခဲ့ကြောင်း ပြောကြားခဲ့သည်။ ၎င်းက စိုက်ပျိုးရေးကို ရေရှည်တည်တံ့ပြီး အကျိုးအမြတ်ရှိသော လုပ်ငန်းတစ်ခု ဖြစ်လာစေရန် ကြိုးပမ်းနေသည့် လက်ရှိလုပ်ဆောင်မှုများကို အလေးပေးပြောကြားခဲ့ပြီး ချင်းသီးနှံကဏ္ဍတွင် သာမက အခြားစိုက်ပျိုးရေး အခြေခံနှင့် တန်ဖိုးမြှင့်ကဏ္ဍများတွင်ပါ ပုဂ္ဂလိကပါဝင်မှုကို ဆွဲဆောင်ရန် ရည်ရွယ် သည့် မြှင့်တင်ထားသော ရင်းနှီးမြှုပ်နှံမှုနှင့် ထုတ်လုပ်မှုကဏ္ဍဆိုင်ရာ မူဝါဒများကို မီးမောင်းထိုးပြခဲ့ကြောင်း သိရသည်။

အဆိုပါ အကြံညဏ်ရယူပွဲသည် ပိုမိုခိုင်မာသော စီးပွားရေးချိတ်ဆက်မှုများ ဖန်တီးရန်နှင့် ပြည်နယ်၏ ထုတ်ကုန်များကို နိုင်ငံတော်နှင့် နိုင်ငံတကာဈေးကွက်များသို့ ပြသရန် ရည်ရွယ်သည့် ဒီဇင်ဘာ ၅ ရက်မှ ၆ ရက်နေ့အထိ Aizawl မြို့တော်တွင် ကျင်းပရန် စီစဉ်ထားသော ချင်းဝယ်သူ-ရောင်းချသူ တွေ့ဆုံပွဲအတွက်လည်း အခြေခံအုတ်မြစ်တစ်ခုဖြစ်စေခဲ့ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားသို့ NITI Aayog ၏ ပူးတွဲအတွင်းရေးမှူး Rohit Kumar၊ APEDA ဥက္ကဋ္ဌ Abhishek Dev၊ အစားအသောက်ပြုပြင်ထုတ်လုပ်မှုကဏ္ဍ အတွင်းရေးမှူး A.P. Das Joshi၊ Ayush အတွင်းရေးမှူး Vaidya Rajesh Kotecha၊ စိုက်ပျိုးရေးဌာနအတွင်းရေးမှူး Devesh Chaturvedi၊ Mizoram အလုပ်သမားဝန်ကြီး Lalnghinglova Hmar နှင့် အကြီးတန်းအတွင်းရေးမှူး K.R. Meena အပါအဝင် စုစုပေါင်း ၆၀ ကျော် ပါဝင်တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ကောင်းထွန်းအောင်**

News Arena India (NAI), Mizoram on track to become India's 'Ginger Capital', Nov 26, 2025.

# ကြက်သွန်နီတင်သွင်းခွင့်ပါမစ်အသုံးပြုမှု နှေးကွေးနေခြင်းကို ဖိလစ်ပိုင် စုံစမ်းစစ်ဆေးလျက်ရှိ

ကြက်သွန်နီတင်ပို့ရောင်းချမှုအတွက် ထုတ်ပေးထားသော ပါမစ်အသုံးပြုမှု နှေးကွေး နေခြင်းကို ရှင်းပြရန် အပင်ထုတ်လုပ်မှုနှင့် စိုက် ပျိုးရေး ဗျူဟာရုံးဌာန (DA-BPI) မှ ကြက်သွန်နီ တင်သွင်း သူများကို ညွှန်ကြားထားကြောင်း၊ အနီရောင်ကြက်သွန်နီ သုံးစွဲမှုနှုန်းသည် အဝါရောင် ကြက်သွန်နီထက် သိသိသာသာ နိမ့်ကျနေသဖြင့် ရောင်းလိုအား တင်းကျပ်ပြီး လက်လီဈေး များမြင့်မားစေကြောင်း တာဝန်ရှိသူများက ဆိုပါသည်။

ပုံမှန်အားဖြင့် အားလပ်ရက်မတိုင်မီ ဝယ်လိုအားများလာသော အခါ အကန့်အသတ်ဖြင့် ရရှိနိုင်မှုကြောင့် တစ်ကီလိုဂရမ်လျှင် အမေရိကန်ဒေါ်လာ ၅ ဒသမ ၃ (တစ်ကီလိုလျှင် ပီဆို ၃၀၀) ရှိကြောင်း ရောင်းချသူများကဆိုသည်။

စိုက်ပျိုးရေးအတွင်းရေးမှူး Francisco P. Tiu Laurel Jr. က အေဂျင်စီသည် အသုံးမပြုသော ပါမစ်များ၏ အခြေအနေကို အကဲဖြတ်နေကြောင်း၊ ပါမစ်များအား အသုံးမပြုပါက ဖျက်သိမ်းပြီး ပြည်တွင်း လုံလောက်မှုရှိစေရန်အတွက် အခြားတင်သွင်းသူများအား ပေးအပ်သွားမည် ဖြစ်ကြောင်း၊ လုံလောက်သော တင်သွင်းဖြည့် ဆည်းပေးမှုနှင့် ဈေးနှုန်း တည်ငြိမ် စေရန် သမ္မတ Ferdinand Marcos Jr. ၏ ညွှန်ကြားချက်နှင့်ကိုက်ညီကြောင်း ၎င်းက ပြောသည်။

အသုံးမပြုသောပါမစ်များကို ပယ်ဖျက်ပြီး Food Terminal Inc. အပါအဝင် အခြား သော တင်သွင်းသူ များထံ ပြန်လည်ဖြန့်ဝေသွားမည်ဖြစ်ပြီး ဖြည့်ဆည်းမှုဖိအားကို လျှော့ချရန် ရည်ရွယ်၍ တင်ပို့မှုများကို အရှိန်မြှင့်မည်ဖြစ်သည်။ တရုတ်နိုင်ငံမှတင်သွင်းသော ကြက်သွန်နီများ၏ ကုန်ကျစရိတ်မှာ တစ်ကီလိုလျှင် အမေရိကန်ဒေါ်လာ (၁ ဒသမ ၀၆) (တစ်ကီလိုလျှင် ပီဆို ၆၀)ခန့်ရှိသည်။



အစောပိုင်းတွင် စိုက်ပျိုးရေးဌာနသည် အနီရောင်ကြက်သွန်နီ ၆၉,၀၄၀ မက်ထရစ်တန်နှင့် အဝါရောင်ကြက်သွန်နီ ၄၂,၂၆ မက်ထရစ်တန်တို့ကို လွှမ်းခြုံနိုင်သော Sanitary and Phytosanitary Import Clearances (SPSICs) ကို ထုတ်ပြန်ခဲ့သည်။

ယနေ့အထိ BPI သည် အနီရောင် ကြက်သွန်နီအတွက် SPSIC (၁၂၀၂) ခုနှင့် အဝါရောင် ကြက်သွန်နီအတွက် ၇၅၁ ခု ထုတ်ပေးထားသည်။

ဩဂုတ်မှ နိုဝင်ဘာ ၂၀ ရက်အထိ အသုံးချမှုအချက်အလက်များအရ အဝါရောင် ကြက်သွန်နီ ၂၁၄၅ မက်ထရစ်တန်အတွက် ပါမစ် ၄၄၃

စာ-၇ သို့

# တရုတ်နိုင်ငံမှ ဂျပန်နိုင်ငံ၏ တင်သွင်းကုန်များကို ရပ်ဆိုင်းရန် စီစဉ်နေသည့် သတင်းများကြောင့် အိန္ဒိယပင်လယ်စာ တင်ပို့သူများ အကျိုးအမြတ်ရရှိ

တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် ဂျပန်နိုင်ငံမှ ပင်လယ်စာတင်သွင်းမှုများကို ရပ်ဆိုင်းရန် စီစဉ်နေကြောင်း အဆိုပါနိုင်ငံအား အသိပေးခဲ့သည့် မီဒီယာသတင်းများ ထွက်ပေါ်လာပြီးနောက် နိုဝင်ဘာ ၁၂ ရက်နေ့တွင် အိန္ဒိယပင်လယ်စာ တင်ပို့သူ အရေအတွက် ၁၁ ရာခိုင်နှုန်းအထိ မြင့်တက်လာခဲ့သည်။ အဆိုပါ ရပ်ဆိုင်းမှုသည် အိန္ဒိယနိုင်ငံကဲ့သို့သော အခြားရွေးချယ်စရာ တင်ပို့ရောင်းချသူများထံသို့ ဝယ်လိုအားကို ပြောင်းလဲစေနိုင်ကြောင်း Reuters သတင်းဌာနက နိုဝင်ဘာ ၁၉ ရက်တွင် ဖော်ပြသည်။



ဝယ်လိုအား မြင့်တက်လာနိုင်မှုသည် အိန္ဒိယပင်လယ်စာတင်ပို့သူများအတွက် အသက်ကယ် ဆေးတစ်ရပ် ဖြစ်လာနိုင်သည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့အနေဖြင့် ၎င်းတို့၏ အကြီးဆုံး ဈေးကွက်ဖြစ်သည့် အမေရိကန်ပြည်ထောင်စုက ချမှတ်ထားသော မြင့်မားသည့် အကောက်ခွန်များကြောင့် ဖိအားပေးခံနေရပြီး အမေရိကန်ပြည်ထောင်စုရှိ Walmart နှင့် Kroger ကဲ့သို့သော ကြီးမား သော လက်လီရောင်းချသူများကလည်း ၎င်းတို့၏ ဖောက်သည်များတွင် ပါဝင်ကြောင်း သိရသည်။

ပြီးခဲ့သည့်နှစ်က အိန္ဒိယနိုင်ငံမှ ကမ္ဘာလုံးဆိုင်ရာ ပင်လယ်စာတင်ပို့မှု စုစုပေါင်းသည် အမေရိ ကန်ဒေါ်လာ ၇ ဒသမ ၄ ဘီလီယံ ရှိခဲ့ပြီး ပုစွန်က ၄၀ ရာခိုင်နှုန်းအထိ ပါဝင်ခဲ့ကြောင်း တွေ့ရှိရသည်။ အကောက်ခွန်ပြဿနာသည် တင်ပို့မှုအပေါ် ဖိအားဖြစ်စေသောကြောင့် ကုမ္ပဏီများသည် ၎င်းတို့၏ တင်ပို့သည့် ဈေးကွက်များကို အမျိုးအစားခွဲခြားရန် ကြိုးပမ်းနေကြောင်း Geojit Financial Services မှ အစုရှယ်ယာ သုတေသနလေ့လာသူ Vincent K Andrews က ပြောကြားခဲ့သည်။ ၎င်းက အခွင့်အလမ်းအသစ်တိုင်းသည် အဆိုပါကဏ္ဍအတွက် ကောင်းမွန်သောသတင်းဖြစ်သည်ဟု ပြောကြားခဲ့ သည်။

အိန္ဒိယပုစွန်တင်ပို့သူ Avanti Feeds ၏ ရှယ်ယာတန်ဖိုးများ ၁၁ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့ ပြီး နှစ်လကျော်အတွင်း ၎င်းတို့၏ နေ့တွင်းချင်းရရှိသည့် အကြီးဆုံး အမြတ်ဖြစ်ကာ စွမ်းဆောင်ရည် အကောင်းဆုံး စာရင်းတွင် ထိပ်ဆုံးမှ ရပ်တည်ခဲ့ကြောင်း တွေ့ရှိရသည်။

စာ-၄ သို့

စာ-၆ မှ

ခု အသုံးပြုခဲ့ကြောင်း သိရသည်။ ဆန့်ကျင်ဘက်အနေဖြင့် အနီရောင်ကြက်သွန်နီ SPSIC ၁၉၂ ခုကိုသာ အသုံးပြုခဲ့ပြီး စက်တင်ဘာမှစတင်၍ တင်သွင်းမှု ၁၂၈၂၄ မက်ထရစ်တန်အထိ အကျုံးဝင်ပါသည်။ SPSIC အားလုံးကို ပါမစ်များ သိုလှောင်ခြင်းမှ တားဆီးရန်နှင့် တင်သွင်းမှုများကို တားဆီးရန်အတွက် ရည်ရွယ်သည့် နောက်ဆုံးရက်ဖြစ်သည့် SPSIC များကို ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီ ၁၅ ရက်နေ့ နောက်ဆုံးထား၍ အသုံးပြုရမည်ဖြစ်ပါသည်။

လစဉ်ဝယ်လိုအားမှာ အဝါရောင်ကြက်သွန်နီအတွက် မက်ထရစ်တန် ၄၀၀၀ နှင့် အနီရောင် ကြက်သွန်နီအတွက် မက်ထရစ်တန်(၁၇၀၀၀ ခန့်ရှိသည်။

BPI ဒါရိုက်တာ Gerald Glenn Panganiban က ဈေးကွက်စောင့်ကြည့်မှု စေ့စပ် သေချာလာသည်ဟု ပြောကြားခဲ့သည်။ BPI သည် ဈေးကွက်အတွင်းထောက်ပံ့မှုစီးဆင်းမှု၊ ဈေးနှုန်းနှင့် အစားအစာ ဘေးကင်းရေးတို့ကို စောင့်ကြည့်ရန် စိုက်ပျိုးရေးဌာနမှ စစ်ဆေးခြင်း၊ အခွင့်အာဏာတည်သည့်ရုံးနှင့် လယ်ယာစီးပွားရေးနှင့် ဈေးကွက်ရှာဖွေရေး အထောက်အကူ ပြုဝန်ဆောင်မှုတို့နှင့်အတူ လုပ်ဆောင် နေကြောင်း သိရှိရသည်။ **ဟေမာန်အောင်မင်း**

https://www.freshplaza.com/asia/article/9788668/philippines-probes-slow-use-of-red-onion-import-permits/

# ရုရှား၏ နိုင်ငံခြားကုန်သွယ်မှုပိုင္ငေ ၉ လအတွင်း ကန်ဒေါ်လာ ၁၀၁ ဒသမ ၇ ဘီလီယံရှိ

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီမှ စက်တင်ဘာအတွင်း ရုရှား၏ နိုင်ငံခြားကုန်သွယ်မှု ပိုင္ငေသည် အမေရိကန်ဒေါ်လာ ၁၀၁ ဒသမ ၇ ဘီလီယံ ရရှိခဲ့ပြီး ယခင်နှစ် အလားတူ ကာလနှင့် နှိုင်းယှဉ်ပါက ၁၁ ဒသမ ၀၂ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း ရုရှားဖက်ဒရယ် အကောက်ခွန်ဝန်ဆောင်မှုဌာန (Federal Customs Service - FCS)၏ အချက်အလက်များအရ သိရှိရသည်။

အစီရင်ခံကာလအတွင်း ပို့ကုန်ပမာဏသည် တန်ဖိုးအမေရိကန်ဒေါ်လာ ၃၀၂ ဒသမ ၈ ဘီလီ ယံရှိခဲ့ပြီး ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက ၁၄ ဒသမ ၇ ဘီလီယံသို့ ကျဆင်းခဲ့သည်။ သွင်းကုန်ပမာဏသည် တန်ဖိုးဒေါ်လာ ၂၀၁ ဒသမ ၁ ဘီလီယံရှိခဲ့ပြီး ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက ၂ ဒသမ ၃ ဘီလီယံ ကျဆင်းခဲ့သည်။ ယင်းကြောင့် ရုရှားနိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှုပမာဏသည် ဒေါ်လာ ၅၀၃ ဒသမ ၉ ဘီလီယံ ရှိခဲ့ပြီး ၂၀၂၄ ခုနှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၃ ဒသမ ၂၃ ရာခိုင်နှုန်း ကျဆင်းခဲ့ သည်။

ရုရှားမှ ဥရောပနိုင်ငံများသို့ တင်ပို့မှုသည် တန်ဖိုးဒေါ်လာ ၄၂ ဒသမ ၂ ဘီလီယံရှိကာ ၁၅ ဒသမ ၇ ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး ဥရောပနိုင်ငံများမှ တင်သွင်းမှုသည် ဒေါ်လာ ၅၁ ဒသမ ၅ ဘီလီ ယံရှိကာ ၅ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။ အာရှနိုင်ငံများသို့ တင်ပို့မှုသည် ဒေါ်လာ ၂၃၅ ဒသမ ၁ ဘီလီ ယံရှိကာ ၁ ဒသမ ၉ ရာခိုင်နှုန်း ကျဆင်းလာခဲ့ပြီး တင်သွင်းမှုသည် ဒေါ်လာ ၁၃၄ ဒသမ ၃ ဘီလီယံ ရှိကာ သုညဒသမ ၉ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။

တစ်ချိန်တည်းတွင် အာဖရိကနိုင်ငံများသို့ တင်ပို့မှုမှာ ဒေါ်လာ ၁၅ ဒသမ ၉ ဘီလီယံ ရှိကာ ၁၃ ဒသမ ၄ ရာခိုင်နှုန်း ကျဆင်းလာခဲ့ပြီး ယင်းနိုင်ငံများမှ တင်သွင်းမှုမှာ ဒေါ်လာ ၃ ဒသမ ၃ ဘီလီယံရှိကာ ၃၂ ဒသမ ၂ ရာခိုင်နှုန်း တိုးတက်ခဲ့သည်။ မြောက်နှင့် တောင်အမေရိကနိုင်ငံများသို့ ရုရှားတင်ပို့မှုသည် ဒေါ်လာ ၉ ဒသမ ၃ ဘီလီယံရှိကာ ၁ ဒသမ ၂ ရာခိုင်နှုန်း တိုးတက်ခဲ့ပြီး ယင်းနိုင်ငံများမှ တင်သွင်းမှုသည် ဒေါ်လာ ၁၁ ဒသမ ၈ ဘီလီယံရှိကာ ၁၂ ဒသမ ၉ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။

ရုရှား၏ အဓိကပို့ကုန်မှာ တွင်းထွက်ပစ္စည်း၊ သတ္တုနှင့် သတ္တုထုတ်ကုန်၊ စိုက်ပျိုးရေးထုတ် ကုန်များဖြစ်ပြီး အဓိကသွင်းကုန်မှာ စက်ယန္တရား၊ စက်ကိရိယာ၊ မော်တော်ယာဉ်များ၊ ဓာတုဗေဒ စက်မှုလုပ်ငန်းသုံးထုတ်ကုန်များ၊ စိုက်ပျိုးရေး ထုတ်ကုန်များ ဖြစ်သည်။

၂၀၂၄ ခုနှစ်တွင် ရုရှားနိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှုတွင် ပို့ကုန်ပမာဏသည် တန်ဖိုး အမေရိ ကန်ဒေါ်လာ ၄၃၃ ဒသမ ၉ ဘီလီယံ ရှိခဲ့ပြီး သွင်းကုန်သည် ဒေါ်လာ ၂၈၃ ဘီလီယံ ရှိခဲ့သဖြင့် ကုန်သွယ်မှုပိုင္ငေသည် ၁၅၀ ဒသမ ၉ ဘီလီယံအထိ

စာ-၄ သို့





# မတ်ပဲ

## အထွက်တိုးရေးဆိုင်ရာ နည်းပညာ

မောင်ဖူးဝေ(တောင်တွင်းကြီး)

ပဲမျိုးစုံသီးနှံများတွင် မတ်ပဲသီးနှံသည် ပြည်တွင်းစားသုံးရန်နှင့် အဓိက ပြည်ပတင်ပို့ရောင်းချရန် စိုက်ပျိုးသော အရေးကြီးသည့် ဆောင်းသီးနှံ တစ်ခု ဖြစ်ပါသည်။ မတ်ပဲကို အောက်မြန်မာပြည်တွင် စပါးရိတ်သိမ်းပြီး သီးထပ်သီးနှံအဖြစ်လည်းကောင်း၊ မြစ်ရေကျချိန်တွင် ကိုင်းကျွန်းများ၌လည်းကောင်း စိုက်ပျိုးနိုင်ပါသည်။

မတ်ပဲသည် နိုင်ငံတကာဝယ်လိုအားများသည့်သီးနှံဖြစ်သဖြင့် တောင်သူလယ်သမားတစ်ဦး၏ မတ်ပဲသီးနှံ အောင်မြင်စွာစိုက်ပျိုးနိုင်ရေး အတွက် မေးမြန်းမှုအပေါ်ဖြေကြားခဲ့မှုများကို အခြားတောင်သူလယ်သမား များ အသိပညာဗဟုသုတရရန်အလို့ငှာ စိုက်ပျိုးသုတ ပေးဝေမျှလိုက်ပါ သည်။

မေး။ မတ်ပဲသီးနှံအထွက်တိုးဖို့ ဘယ်လိုမျိုးတွေကို စိုက်ပျိုးရမှာလဲ သိချင်ပါ တယ်။

ဖြေ။ အပင်ပေါက်ရာခိုင်နှုန်း ၈၀ နဲ့အထက်ရှိတဲ့မျိုးကို စိုက်ပျိုးရမှာ ဖြစ်ပါ တယ်။ စိုက်ပျိုးရေးသုတေသနဦးစီးဌာနက ထုတ်ဝေထားတဲ့ အထွက် ကောင်းမျိုး ၅ မျိုးကို ပြောပြပါမယ်။

ပထမတစ်မျိုးက ရေဆင်းမတ်ပဲ-၂ ဖြစ်ပါတယ်။ အသက် ၇၀ ရက်မှ ရက် ၇၅ ဖြင့် ရိတ်သိမ်းနိုင်တယ်။ ပျမ်းမျှတစ်ပင်ပါ သီးတောင့် ၃၅ မှ ၄၀ ရှိပြီး တစ်တောင့် တွင် အစေ့ ၄ မှ ၆ စေ့ရှိတယ်။ အစေ့ ၁၀၀ အလေးချိန် မှာ ၅ ဂရမ် ရှိကာ အစေ့ အရောင်မှာ အနက်မွဲမွဲအရောင် ရှိပါတယ်။ အသက်လျင်ပြီး စပါးရိတ်သိမ်းအပြီးသီးထပ်စိုက်သောဒေသ များနဲ့ မြေတွင်းအစိုဓာတ်နည်းသောမြေ များမှာ စိုက်ပျိုးဖြစ်ထွန်းပါ တယ်။ ရေမြေရာသီဥတုအခြေအနေပေးပါက တစ်ဧကလျှင် ၂၅ မှ ၃၀ တင်းထိ ထွက်နိုင်ပါတယ်။

ဒုတိယတစ်မျိုးက ရေဆင်းမတ်ပဲ-၄ ဖြစ်ပါတယ်။ အသက် ၆၅ ရက်မှ ရက် ၇၀ ဖြင့် ရိတ်သိမ်းနိုင်တယ်။ ပျမ်းမျှတစ်ပင်ပါ သီးတောင့် ၃၀ မှ ၃၅ ဖြစ်ကာ တစ်တောင့်တွင် အစေ့ ၄ မှ ၆ စေ့ရှိတယ်။ အစေ့ ၁၀၀ အလေးချိန် မှာ ၄ ဒသမ ၅ ဂရမ်ဖြစ်ပြီး အစေ့အရောင်မှာ အနက်ရောင် မွဲမွဲ ရှိပါတယ်။ မိုးရာသီမှာလည်း စိုက်ပျိုးဖြစ်ထွန်းနိုင်သောမျိုး ဖြစ်ပါ တယ်။ ရေမြေရာသီဥတု အခြေအနေပေးပါက တစ်ဧကလျှင် ၂၀ မှ ၂၅ တင်းထိ ထွက်နိုင်ပါတယ်။

တတိယတစ်မျိုးက ရေဆင်းမတ်ပဲ-၅ ဖြစ်ပါတယ်။ သက်တမ်းမှာ ၁၀၀ ရက်မှ ရက် ၁၁၀ ရှိပြီး ပျမ်းမျှတစ်ပင်တွင် သီးတောင့် ၂၀ မှ ၃၀ သီးနိုင် တယ်။ တစ်တောင့်တွင် အစေ့ ၄ မှ ၆ စေ့ရှိကာ အစေ့ ၁၀၀ အလေးချိန် မှာ ၆ ဒသမ ၂ ဂရမ်ရှိတယ်။ အစေ့အရောင်မှာ အနက်ရောင်ဖြစ်ပြီး ချက်အရောင်မှာ ဖြူဝါရောင် ရှိပါတယ်။ စပါးအပြီးသီးထပ်စိုက်ပျိုးနိုင် ပါတယ်။ တစ်ဧကအထွက်နှုန်းမှာ ၂၀ မှ ၂၅ တင်းဖြစ်ပါတယ်။

စတုတ္ထတစ်မျိုးက ရေဆင်းမတ်ပဲ-၇ ဖြစ်ပါတယ်။ အသက် ၈၀ မှ ၈၅ ရက် ဖြင့် ရိတ်သိမ်းနိုင်တယ်။ ပျမ်းမျှတစ်ပင်ပါသီးတောင့် ၃၀ မှ ၄၀ ရှိ ပြီး တစ်တောင့်တွင် အစေ့ ၅ မှ ၆ စေ့ရှိကာ အစေ့ ၁၀၀ အလေးချိန်မှာ ၅ ဒသမ ၅ ဂရမ်ရှိပါတယ်။ အစေ့အရောင်မှာ အနက်ရောင်တောက် ပြောင်ပါတယ်။ အဝါရောင်မိုစေ့ရောဂါဒဏ်ခံနိုင်ရည်ရှိပြီး အထွက် မြင့်မားသောမျိုးဖြစ်ကာ ရာသီမရွေးစိုက်ပျိုးနိုင်သော မျိုး ဖြစ်ပါတယ်။ ရေမြေရာသီဥတု အခြေအနေပေးပါက တစ်ဧကလျှင် ၂၅ မှ ၃၀ တင်း ထိ ထွက်နိုင်ပါတယ်။

ပဥ္စမတစ်မျိုးက ပုလဲထွန်း ဖြစ်ပါတယ်။သက်တမ်းမှာ ၁၁၀ ရက်မှ ရက် ၁၂၀ ရှိပြီး ပျမ်းမျှတစ်ပင်တွင် သီးတောင့် ၂၀ မှ ၂၅ သီးနိုင်တယ်။ တစ် တောင့်တွင် အစေ့ ၄ မှ ၆ စေ့ရှိကာ အစေ့ ၁၀၀ အလေး ချိန်မှာ ၇ ဂရမ် ရှိတယ်။ အစေ့အရောင်မှာ အနက်ရောင်ဖြစ်ပြီး ချက်အရောင်မှာ အဖြူ ရောင် ဖြစ်ပါတယ်။ စပါးအပြီးသီးထပ်စိုက်ပျိုးနိုင်တဲ့မျိုး ဖြစ်တယ်။ တစ်ဧကအထွက်နှုန်းမှာ ၂၀ မှ ၂၅ တင်းဖြစ်ပါတယ်။

မေး။ မတ်ပဲသီးနှံအထွက်တိုးအောင်စိုက်ပျိုးနည်းစနစ်ကို ပြောပြပေးပါ။

ဖြေ။ မတ်ပဲကို မြေသားနုပြီး ရေမဝပ်တဲ့ စနယ်မြေစေးမျိုးမှာ စိုက်ပျိုးသင့်ပါ တယ်။ စပါးပြီးလယ်မြေနှင့် မြစ်ရေကျပြီး နုန်းသမမြေတို့မှာလည်း စိုက်ပျိုးနိုင်ပါတယ်။ တစ်ဧကမှာ သိမ်းပင်ဦးရေ ၁၃၀,၀၀၀ ရရှိအောင် ကြဲပက်၍ဖြစ်စေ၊ တန်းကြား တစ်ပေ၊ ပင်ကြား ၄ လက်မနဲ့ အတန်း လိုက်ဖြစ်စေ၊ ယာသီးထပ်အတွက် စက်တင်ဘာမှ အောက်တိုဘာလ ကုန်အထိ၊ လယ်သီးထပ်အတွက် နိုဝင်ဘာမှ ဒီဇင်ဘာဒုတိယပတ် အတွင်း အပြီး စိုက်သင့်ပါတယ်။

မေး။ လိုအပ်တဲ့အာဟာရအတွက် မြေသြဇာသုံးစွဲရေးနဲ့ပတ်သက်ပြီး သိချင်ပါ တယ်။

ဖြေ။ မြေပြင်ချိန်မှာ ကောင်းစွာဆွေးမြေ့တဲ့ နွားချေး (သို့မဟုတ်) သဘာဝ မြေဆွေးများကို ထည့်သင့်ပါတယ်။ နိုက်ထရိုဂျင်အာဟာရ ရရှိစေဖို့ မျိုးစေ့ကို မတ်ပဲဆိုင်ရာပဲမြစ်ဖုမြေသြဇာနဲ့ လူးနယ် စိုက်ပျိုးရန် ဖြစ်ပါ တယ်။

မေး။ မတ်ပဲစိုက်ခင်းပေါင်းမြက်နဲ့ ပိုးမွှားရောဂါကာကွယ်နှိမ်နင်းရေးလိုအပ် ချက်တွေကို လည်း ပြောပြပါဦး။

ဖြေ။ အပင်နှစ်ပတ်သားမှ ပန်းပွင့်ချိန်ထိ ပေါင်းမြက်ကင်းစင်အောင် ဆောင်ရွက်ပါ။ မြေတွင်းအောင်းပိုးနဲ့ ပင်စည်ထိုးယင်ကိုကာကွယ်ရန် မြေတွင် သင့်တော်ရာ ပိုးသတ်ဆေးထည့်သွင်းခြင်း၊ စိမ့်ပျံ့အာနိသင်ရှိ သောပိုးသတ်ဆေးဖျန်းကာကွယ်ခြင်း၊ ပျနှင့် သီးလုံးဖောက်ပိုးကျ ရောက်ပါက ပိုးသတ်ဆေးဖျန်း ခြင်းတို့ကို ဆောင်ရွက်ရန် ဖြစ်ပါတယ်။ ယင်ဖြူကျရောက်ပါက အဝါရောင်မိုစေ့ရောဂါကျရောက်တတ်သဖြင့် ပိုးသတ်ဆေး ဖျန်းနှိမ်နင်းရန် ဖြစ်ပါတယ်။

မေး။ မတ်ပဲသီးနှံကို သီးထပ်၊ သီးညှပ်စိုက်ပျိုးရေးဆိုင်ရာတွေလည်း ရှင်းပြပါ ဦး။

ဖြေ။ မတ်ပဲသီးနှံကို နေကြာနှင့် သီးညှပ် စိုက်ပျိုးနိုင်ပါတယ်။ မတ်ပဲသီးနှံကို စပါးအပြီးစိုက်ပျိုးကာ စပါး-မတ်ပဲသီးနှံပုံစံကို ချမှတ်ဆောင်ရွက်နိုင်ပါ တယ်။ မတ်ပဲအပြီး နွေစပါးကို ဆက်လက်စိုက်ပျိုးကာ စပါး-မတ်ပဲ-နွေ စပါးသီးနှံပုံစံကို ချမှတ်ဆောင်ရွက်နိုင်ပါတယ်။

မေး။ မတ်ပဲရိတ်သိမ်းခြင်းနည်းစနစ်ကိုလည်း သိချင်ပါတယ်။

ဖြေ။ စိုက်ကွက်အတွင်းရှိ မတ်ပဲသီးတောင့်များ မျိုးအလိုက် အစိမ်းရောင်မှ အညိုရောင် သို့မဟုတ် အနက်ရောင်သို့ ၇၅ ရာခိုင်နှုန်းအထိ အရောင် ပြောင်းချိန်မှာ ရိတ်သိမ်းရန် ဖြစ်ပါတယ်။ ရိတ်သိမ်းပြီး နှစ်နေသုံးနေ လှမ်းပြီး ချွေလှေ့သန့်စင်ပါ။ နေလှမ်းပြီး အစိုဓာတ် ၈ မှ ၉ ရာခိုင်နှုန်း ရှိ ချိန်တွင် သိုလှောင်ရန် ဖြစ်ပါတယ်။

မေး။ မတ်ပဲအထွက်တိုးဖို့ ဖြည့်စွက်ပြောလိုတာရှိရင် ထပ်ပြောပေးပါဦး။

ဖြေ။ မတ်ပဲသီးနှံဟာ မြေတွင်းအစိုဓာတ်ကို အဓိကအားထားစိုက်ပျိုးလေ့ရှိ တာကြောင့် ပန်းပွင့်ချိန်မှာ မြေအစိုဓာတ်လုံလောက်စွာရှိနေအောင် စိုက်ပျိုးတဲ့မြေရွေးချယ်မှုမှန်ကန်ဖို့နဲ့ စိုက်ပျိုးချိန်မှန်ကန်ဖို့ အလေး ထားဆောင်ရွက်ပါလို့ ပြောချင်ပါတယ်။

မောင်ဖူးဝေ(တောင်တွင်းကြီး)

စာ-၁၁ မှ

(၂၀၂၄-ခုနှစ်စာရင်းဇယားအရ ဖိလစ်ပိုင်မှ သူနာပြု ၃-သိန်းကျော် နိုင်ငံတကာတွင် အလုပ်လုပ်ကိုင်ပြီး သူ့နိုင်ငံအတွက် နိုင်ငံခြားငွေ ရှာဖွေပေးလျက်ရှိနေပါသည်။)

(၃-ဂ) အချက်အလက်နည်းပညာနှင့်အချက်အလက်သိပ္ပံ (ICT & Data Science) — အခြေခံကုတ်စနစ် (Basic Coding)၊ ဒစ်ဂျစ်တယ်ဝန်ဆောင်မှု (Digital Services)၊ အဝေးထိန်းစနစ်ဖြင့် ဆောင်ရွက်ပေးနိုင်သော အခွင့်အလမ်းများ (Remote Work Opportunities, etc.) စသည်ဘာသာရပ်များ များပြားစွာဆောင်ရွက်သင့်ပါသည်။

(၃-ဃ) အင်ဂျင်နီယာပညာ Engineering (especially Agricultural, Civil, Mechanical, Electrical and Electronics, Mechatronic, Environmental and Food Engineering, etc.) — အခြေခံအဆောက်အအုံပြုပြင်တိုးတက်ရေးနှင့် စိုက်ပျိုးမွေးမြူရေး အင်ဂျင်နီယာ ပညာ၊ မြို့ပြ၊ စက်မှု၊ လျှပ်စစ်၊ ပတ်ဝန်းကျင် နှင့်အစားအစာ အင်ဂျင်နီယာပညာများ စသည်တို့ဖြစ်ပါသည်။

(၃-င) အသက်မွေးဝမ်းကျောင်းပညာများ/အသုံးချကုန်သွယ်မှုပညာ (TVET/ Applied Trades) — ဥပမာ - နိုင်ငံတကာအသိအမှတ်ပြု လက်မှတ်ရ လျှပ်စစ်ကျွမ်းကျင်သူ (Electricians)၊ ပိုက်ပြင် ကျွမ်းကျင်သူ (Plumbers)၊ စက်ပြင်/မက္ကင်းနစ် (Mechanics, etc.) များ စသည်တို့ဖြစ်ပါသည်။

(၃-စ) စီးပွားရေး၊ ပညာရေးနှင့်သက်ဆိုင်သော ဘာသာရပ်များ (Economic and Educational Disciplines) ဥပမာ - ကုန်သွယ်မှု/ကုန်သွယ်ရေး (Commerce/Trade)၊ ဘဏ်စနစ် (Banking)၊ ပညာရေးစိတ်ပညာ (Educational Psychology)၊ အဆင့်မြင့် ပညာရေးသုတေသန (Tertiary Education Research, etc.) စသည် တို့ဖြစ်ပါသည်။

(၃-စ) အသေးစားသီးသန့် ထပ်မံဦးစားပေးသင့်သော ဘာသာရပ်များ (Other Disciplines)

လူမှုရေးသိပ္ပံနှင့်အခြေခံသဘောတရားသိပ္ပံ (Social Sciences/ Pure Theoretical Disciplines) များကို လက်တွေ့ကျ အတတ်ပညာနှင့် ပေါင်းစပ်ပေးရန် ဥပမာ - ဆက်သွယ်ရေး၊ ဒီဂျစ်တယ်ဆက်သွယ်မှု၊ (e.g., Communication + Digital Media, Language ဘာသာစကား - ဥပမာ - အင်္ဂလိပ်စာ၊ ဘာသာပြန် နည်းပညာများ (+ Translation Services, etc.) စသည်တို့ဖြစ်ပါသည်၊

(၄) စနစ်ကျ အကောင်အထည်ဖော်ရန် အချို့သော အဓိကစွမ်းဆောင်မှု အချက် အလက်များ (KPI – Key Performance Indicators) များ (ဖြစ်နိုင်ရင် တိုင်းတာ သင့်ပါသည်)

(၄-က) ဘွဲ့ရအလုပ်အကိုင်ရရှိမှုနှုန်း (Graduate employment rate) ဘွဲ့ရပြီး ၆လ မှ ၁၂ လအကြာ (6 months and 12 months after Graduation) — ရည်မှန်းချက်ရာခိုင်နှုန်း (Target: 75% within 12 months) (သို့) ဆက်စပ်အကြောင်းအရာရည်မှန်းချက်များ (Context-sensitive target). နမူနာအားဖြင့် စင်္ကာပူနိုင်ငံ၊ နန်းယန်းနည်းပညာ တက္က သိုလ် (NTU - Nanyang Technological University) မှစစ်တမ်းကောက်၊ သုတေသ န ပြုထားသော ထိုတက္ကသိုလ်ဘွဲ့ရများ၏ အလုပ်အကိုင်ရရှိမှုရာခိုင်နှုန်းကို ဇယား-၂တွင်ပြထားပါသည်-

(၄-ခ) အလုပ်ရှင်ကျေနပ်မှုရမှတ်များ (Employer Satisfaction Score) — နှစ်စဉ် ကောက်ယူသင့်ပါသည်။ ဥပမာ - ရမှတ် ၁ မှ ၅ Annual Survey

ဇယား -၂ စင်္ကာပူနိုင်ငံ၊ နန်းယန်းနည်းပညာတက္ကသိုလ်ဘွဲ့ရများ အလုပ်အကိုင်ရရှိမှုနှုန်း မှတ်တမ်းဇယား

| Course Clusters | Overall Employment Rate | | | Full-Time Permanent Employment Rate | | |
|---|---|---|---|---|---|---|
| | 2016 | 2017 | 2018 | 2016 | 2017 | 2018 |
| Arts, Design & Media | 85.3% | 91.2% | 89.3% | 62.5% | 61.6% | 69.8% |
| Built Environment | 91.6% | 93.1% | 92.0% | 88.6% | 87.7% | 87.3% |
| Business | 94.3% | 95.6% | 94.5% | 88.2% | 90.0% | 89.7% |
| Engineering | 86.2% | 86.0% | 89.5% | 79.7% | 79.3% | 84.1% |
| Health Sciences | 95.5% | 91.7% | 95.8% | 87.1% | 87.5% | 83.8% |
| Humanities & Social Sciences | 88.8% | 85.4% | 86.7% | 72.6% | 69.4% | 71.2% |
| Information & Digital Technologies | 93.5% | 94.0% | 94.6% | 90.2% | 89.8% | 91.7% |
| Sciences | 84.1% | 82.2% | 84.2% | 68.4% | 64.9% | 68.7% |
| **Overall** | **89.5%** | **88.9%** | **90.2%** | **79.9%** | **78.4%** | **81.2%** |

(Scale 1–5).

(၄-ဂ) ဘွဲ့ရအလုပ်သင်ပြုလုပ်ပေးနိုင်မှုရာခိုင်နှုန်း (Percentage of Graduates Completing Internships) — ၃ နှစ် အတွင်း ၈၀ ရာခိုင်နှုန်းရရှိရန် ရည်မှန်းချက် (Target: 80% within 3 years) ထားသင့်ပါသည်။

(၄-ဃ) စက်မှုပံ့ပိုးစီမံချက်အရေအတွက်၊ စုစုပေါင်းသုတေသနရန်ပုံငွေ ရာခိုင်နှုန်း (Number of Industry-funded projects/Total Research Funding %) — နှစ်စဉ်တိုးတက်ရပါမည်။ (Increase year-on-year). သုတေသနနှင့် ဖွံ့ဖြိုး တိုးတက်မှု အသုံးစရိတ် (R&D – Research and Development) ဦးစားပေး သုံးစွဲရ ပါမည်။

(၄-င) နှစ်စဉ်သင့်တော်သော အရည်အချင်းရှိသူများ စစ်တမ်းကောက်ယူထားခြင်း (Number of Micro-credentials Issued Yearly) — ခြေရာခံစနစ်သုံး ဆောင်ရွက် သင့်ပါသည်။ (Track Demand, etc). စသည်တို့ဖြစ်ပါသည်။

စာရေးသူ၏အတွေးတစ်စ

ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခုဖြစ်သော စာရေးသူတို့နိုင်ငံတွင် မိသားစုများ၊ မိဘများအားလုံး မိမိ သားသမီးများအတွက် အဆင့်မြင့်ပညာ၊ တက္ကသိုလ်ပညာ၊ အသက်မွေးဝမ်းကျောင်း ပညာရင်းနှီးပေးဆပ်ရမှုများမှာ လူတိုင်း/ မိသားစုတိုင်းအတွက် ကုန်ကျစရိတ် များပြားလှပါသည်။ ထို့ကြောင့် ကျောင်းသား/ကျောင်းသူများ ဘွဲ့ရရှိပြီးပါက မိမိသင်ကြား၊ သင်ယူခဲ့သော ဘာသာရပ်များနှင့် တိုက်ရိုက်သက်ဆိုင်သော အလုပ်အကိုင်များ ရရှိခြင်းဖြင့် မိသားစုအတွက်ငှင်း၊ မိမိတိုင်းပြည်အတွက်ငှင်း မိမိတို့ကျောင်း၊ တက္ကသိုလ်များ၌ သုံးစွဲခဲ့ရသော ငွေကြေးကုန်ကျမှုကို အချည်းအနှီး မဖြစ်စေဘဲ အကျိုးပြုနိုင်မည် ဖြစ်နိုင်ပါကြောင်း စိတ်ရင်း၊ စေတနာဖြင့် ရေးသားဆွေးနွေးလိုက်ရပါသည်။

**ဒေါက်တာမျိုးကြွယ်**

(ဆက်လက်ဖော်ပြပါမည်)

စာ-၅ မှ

Sustainable Green Framework Engagement အောက်တွင် လုပ်ဆောင်ထားပြီး အစိမ်းရောင်ရင်းနှီးမြှုပ်နှံမှု၊ အလုပ်အကိုင်ဖန်တီးမှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကို အဓိကထားသည်။ ဂုဏ်ထူးဆောင် အကြံပေးအရာရှိချုပ် ပရော်ဖက်ဆာ မိုဟာမက် ယူနွတ်စ်က ဤစီမံကိန်းသည် "ပြုပြင်ပြောင်းလဲမှု၊ ပွင့်လင်းမြင်သာမှုနှင့် ရင်းနှီးမြှုပ်နှံမှုဆက်နွယ်သည့်တိုးတက်မှု" အပေါ် ဘင်္ဂလားဒေ့ရှ်၏ ကတိကဝတ်ကို ဖော်ပြထားကြောင်း၊ Laldia သည် "နိုင်ငံ၏ ပထမဆုံး အစိမ်းရောင် ဆိပ်ကမ်း" ဖြစ်လာမည်ဖြစ်ကြောင်း ပြောကြားသည်။ ထိုဆိပ်ကမ်းသည် တင်ပို့စွမ်းရည် တိုးချဲ့ပြီး ထောက်ပံ့ပို့ဆောင်မှု အခက်အခဲများကို လျော့ချနိုင်မည်ဟု လည်း ထပ်မံဖော်ပြခဲ့သည်။

ဒိန်းမတ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Lars L?kke Rasmussen က Maersk သည် ဘင်္ဂလားဒေ့ရှ်၏ ကွန်တိန်နာကုန်သွယ်မှု၏ ၃၀ ရာခိုင်နှုန်းခန့်ကို ဆောင်ရွက်နေပြီး ဤရင်းနှီးမြှုပ်နှံမှုသည် နိုင်ငံနှစ်ခုအကြား ဆက်လက်ပူးပေါင်းဆောင်ရွက်မှု၏ အညွှန်းဖြစ်ကြောင်း ဖော်ပြခဲ့သည်။ CPA ဥက္ကဋ္ဌ Rear Admiral S. M. Moniruzzaman က ဤဆိပ်ကမ်းသည် ချာတဂေါင်ဆိပ်ကမ်း၏ စွမ်းရည်နှင့် ထိရောက်မှု တိုးတက်စေမည်ဟု ပြောကြားခဲ့သည်။ QNS Container Services Ltd. ၏ Nurul Qayyum Khan က ဤစီမံကိန်းသည် နိုင်ငံတကာအတွေ့အကြုံနှင့် ဒေသခံ စီးပွားရေးလုပ်ငန်းများကို ပေါင်းစပ်စေပြီး တင်ပို့သူ၊ တင်သွင်းသူများအတွက် ကုန်သွယ်မှုကုန်ကျစရိတ်ကို လျော့ချနိုင်မည်ဟု ထပ်မံဖော်ပြခဲ့သည်။

၂၀၃၀ ခုနှစ်တွင် စတင်လည်ပတ်မည့် ဤဆိပ်ကမ်းသည် ဘင်္ဂလားဒေ့ရှ်၏ နှစ်စဉ် ကွန်တိန်နာ ကိုင်တွယ်မှုစွမ်းရည်ကို TEU 800,000 ကျော် တိုးချဲ့နိုင်မည်ဖြစ်ပြီး အထည်၊ အဝတ်အစားနှင့် ထုတ်လုပ်မှုကဏ္ဍများကို ပံ့ပိုးပေးနိုင်မည်ဖြစ်သည်။ ဤရေနက်ဆိပ်ကမ်းသည် လက်ရှိ TEU 2,800 အကန့်အသတ်ထက် မြင့်မားသော TEU 6,000 သယ်ယူနိုင်သော သင်္ဘောများကို ကိုင်တွယ်နိုင်မည်ဖြစ်ပြီး ဈေးကွက်အကြိမ်အတည်းနှင့် ထောက်ပံ့ပို့ဆောင်မှုကုန်ကျစရိတ်ကို လျော့ချနိုင်မည်ဖြစ်သည်။

တည်ဆောက်ရေးအဆင့်တွင် အလုပ်အကိုင် ၁,၀၀၀ ကျော် ဖန်တီးနိုင်မည်ဖြစ်ပြီး လုပ်ဆောင်မှုအပြည့်အဝတွင် အလုပ်အကိုင် ၅၀၀ ကျော်ရှိမည်ဟု ခန့်မှန်းထားသည်။ ထို့အပြင် ထောက်ပံ့ပို့ဆောင်မှုနှင့် ထုတ်လုပ်မှုကဏ္ဍများတွင် အခြားသောအလုပ်အကိုင်များလည်း ဖြစ်ပေါ်နိုင်မည်ဖြစ်သည်။ APM Terminals က လုပ်သားဖွံ့ဖြိုးရေး အစီအစဉ်တွင် လေ့ကျင့်ရေးနှင့် အလုပ်သင်အစီအစဉ်များပါဝင်မည်ဖြစ်ကြောင်း ဖော်ပြထားသည်။

**TTP**

**FreshPlaza.com**

# စိုက်ပျိုးမွေးမြူရေးပညာနှင့် နိုင်ငံတကာစိုက်ပျိုးမွေးမြူရေးတက္ကသိုလ်များ (အပိုင်း-၃၈)

## မြန်မာနိုင်ငံစိုက်ပျိုးမွေးမြူရေးတက္ကသိုလ်ဘွဲ့ရကျောင်းသား/သူများ အပါအဝင် ယနေ့ခေတ်အလုပ်အကိုင် ရရှိမှု/ဆက်စပ်မှုအခန်းကဏ္ဍ

(ယခင်အပတ်မှအဆက်)

ဒေါက်တာမျိုးကြွယ်
ပါမောက္ခချုပ်(ငြိမ်း)

## The Role of University Graduates and Current Employment Opportunities in Myanmar

ထပ်မံပြီး စာရေးသူကြုံတွေ့ခဲ့ရသော နိုင်ငံတကာတက္ကသိုလ်ဘွဲ့ရများနှင့် ယနေ့ခေတ် အလုပ်အကိုင်ရရှိမှု အခွင့်အလမ်းများ၏ အခန်းကဏ္ဍကို ဆွေးနွေးပါမည်။ယခင် ဆောင်းပါး တွင် နိုင်ငံအချို့ မိမိနိုင်ငံအတွင်းရှိ တက္ကသိုလ်အားလုံး၏ ဘွဲ့ရ ၁၀၀ ဦးတွင် လက်ရှိ ဖြစ်ပေါ်နေသော ဘာသာရပ်/ဘာသာခွဲအလိုက် (Specific Disciplines/ Specialization) ဘွဲ့ရရာခိုင်နှုန်း၊ အချိုးများကို တင်ပြဆွေးနွေးခဲ့ပါသည်။ဘွဲ့ရဦးရေ ၁၀၀လျှင် စိုက်ပျိုးမွေးမြူရေးဘွဲ့ရ အချိုးမှာ မြန်မာနိုင်ငံကအနည်းဆုံးဖြစ်နေသည်ကို တွေ့ရပါသည်။

ဇယား - ၁

နိုင်ငံအချို့ရှိ ဘာသာရပ်အလိုက် ဘွဲ့ရ လူဦးရေ ၁၀၀လျှင် ရှိသည့် ရာခိုင်နှုန်း (၂၀၂၀)

| ဘာသာရပ် | မြန်မာ | ဖိလစ်ပိုင် | ဂျပန် | အမေရိကန် |
|---|---|---|---|---|
| စိုက်ပျိုး၊မွေးမြူရေး(%) Agriculture | ၀.၅ | ၂.၂ | ၂.၆ | ၁.၀ |
| ပညာရေး (%) Education | ၂.၃ | ၁၃.၃ | ၇.၂ | ၉.၅ |
| အင်ဂျင်နီယာ၊ကွန်ပြူတာ (%) Engineer, ICT | ၃.၉ | ၁၁.၅ | ၁၇.၁ | ၇.၂ |
| ဆရာဝန်၊ သူနာပြု (%) Health | ၁.၃ | ၁၅.၇ | ၁၃.၀ | ၁၇.၃ |
| လူမှုရေး၊ စီးပွားရေး၊ ဥပဒေ (%) Social Sci., Business, Law | ၁၄.၁ | ၃၁.၅ | ၂၇.၀ | ၃၆.၄ |
| ဝန်ဆောင်မှု (%) Services | ၀.၃ | ၄.၉ | ၈.၅ | ၇.၇ |
| ဝိဇ္ဇာနှင့်လူမှုဘာသာ (%) Humanities and Arts | ၃၄.၄ | ၂.၁ | ၁၄.၇ | ၁၁.၉ |
| ရိုးရိုးသိပ္ပံ (%) Pure Science | ၄၃.၂ | ၁၄.၀ | ၃.၁ | ၈.၉ |
| အခြား Unspecified Field (%) | ၀.၀ | ၄.၈ | ၆.၈ | ၀.၁ |
| **စုစုပေါင်း Total** | ၁၀၀.၀ | ၁၀၀.၀ | ၁၀၀.၀ | ၁၀၀.၀ |

Source – UNESCO/World Bank

**(၁) ရရှိသည့်ဘွဲ့နှင့်အလုပ်အကိုင် မလိုက်ဖက်နေခြင်း/လွဲနေရခြင်း (Mis-match between Graduates and Employment opportunities) ၏ အဓိက အကြောင်းရင်းများ**

(၁-က) လက်တွေ့ကျကျ အတတ်ပညာမရရှိခြင်း (Skills Mismatch)

တက္ကသိုလ်များက သင်ပေးတဲ့ အကြောင်းအရာတွေ (သီအိုရီ၊ စာပေ၊ သုတေသန) သိပ်များလွန်းပြီး လုပ်ငန်းလက်တွေ့ကျကျ လေ့ကျင့်မှု၊ အသုံးချနိုင်သော နည်းပညာ(Technical & Digital Skills) လျော့နည်းတတ်ပါသည်။

(၁-ခ) လက်ရှိစီးပွားရေးကဏ္ဍတွေနဲ့ မိမိဘွဲ့၊ ပညာတိုက်ဆိုင်မှုနည်းနေခြင်း (Weak Industry–Academia linkage)

မိမိနိုင်ငံအတွင်း လုပ်ငန်းလိုအပ်ချက် (demand) နဲ့ တက္ကသိုလ်ကမွေးထုတ်ပေး တဲ့ ကျောင်းသား/သူ အရေအတွက်/ဘာသာရပ် မကိုက်ညီမှုဖြစ်နေတတ်ပါသည်။

(၁-ဂ) လုပ်ငန်းဆိုင်ရာ အလျော်အစားမရှိ/ပြန်မရနိုင်သော လိုအပ်သည်ထက်ပိုမို မွေးထုတ်ပေးနေသော ဘွဲ့ဒီဂရီများ (Graduate overproduction of specific subjects based on Disciplines)

တချို့ဘာသာရပ်များ (အထူးသဖြင့် အနုပညာ/အသုံးချသိပ္ပံမဟုတ်သော ရိုးရိုး သိပ္ပံ၊ ရိုးရိုးဝိဇ္ဇာ ဘာသာရပ်များ) မှနှစ်စဉ် ဘွဲ့ရ များများထွက်ရှိနေနိုင်ပြီး အလုပ်အကိုင် လိုအပ်ချက်နည်းနိုင်ပါသည်။

(၁-ဃ) အသက်မွေးဝမ်းကျောင်း/ကျွမ်းကျင်မှု (TVET/Skills training) အားနည်းခြင်း

လက်ရှိခေတ်နှင့်အညီလိုအပ်သော အလုပ်အကိုင်များ၊ မိမိမိသားစုများအတွက် အသက်မွေးဝမ်းကျောင်းကျွမ်းကျင်မှု Vocational Experience) ပညာပေးမှု အားနည်းနေ နိုင်ပါသည်။

(၁-င) ပညာရေးမဟုတ်သော အခြား အကြောင်းအရာများ (Non-Education Factors)

နိုင်ငံရေး၊ စီးပွားရေး မတည်ငြိမ်မှု၊ လုပ်ငန်း၊ အရင်းအနှီးပိတ်ဆို့ချက်/ ကန့်သတ်ချက်များက အလုပ်အကိုင်ရှာဖွေရန် အခက်အခဲ ဖြစ်စေနိုင်ပါသည်။

(၁-စ) သင်ကြားနည်းဗျူဟာဟောင်းများ/စနစ်ဟောင်းသင်ကြားမှု (Old Teaching Strategy)

ဆရာ/ကျောင်းသား အပြန်အလှန်ဆက်ဆံရေး၊ ပြဿနာဖြေရှင်းပေးသော (problem-solving appeoach)၊ ဝေဖန် သုံးသပ်ခြင်း (critical thinking)၊ အဖွဲ့လိုက် ဆောင်ရွက် စေခြင်း (Teamwork communication) စတဲ့ သင်ကြားနည်းစနစ်များ (Teaching methods and soft skills improvement) မရနိုင်သေးသော သင်ကြားမှု နည်းစနစ်များ ဆက်လက်အသုံး ပြုနေခြင်း ရှိနေနိုင်ပါသည်။

**(၂) တက္ကသိုလ်တွေက နိုင်ငံအတွက် ထောက်ပံ့ကူညီပေးနိုင်သည့် အကျိုးကျေးဇူးနှင့် ပြဿနာများ**

အကျိုးကျေးဇူးများ (Advantages)

- စွမ်းအားကောင်းသော လူသားအရင်းအမြစ် ဖြစ်ပေါ်စေခြင်း — လေ့လာသင်ယူမှု၊ သုတေသန၊ နည်းပညာတီထွင်မှု ရှိရပါမည်။
- လူသားစွမ်းအင် (Human capital) တိုးတက်စေခြင်း — ကျွမ်းကျင်သူများ ရရှိစေခြင်း၊လူမှုစီးပွားရေးဖွံ့ဖြိုးရေးကို ထောက်ပံ့ပေးသော ပညာများဖြစ်ရပါမည်။
- ဒေသဆိုင်ရာ လိုအပ်ချက်များအတွက် အထူးကျွမ်းကျင်မှု ရရှိစေနိုင်ခြင်း — ဥပမာ စိုက်ပျိုးရေးမွေးမြူရေးတက္ကသိုလ်များတည်ရှိနေရာအရ တောင်တန်း၊ မြေပြန့် နေရာ ဒေသအလိုက် ဆိုင်ရာ အချက်အလက်၊ နည်းပညာ လိုအပ်ချက်များ၊ ကျေးလက်နေ ပြည်သူများ၏လိုအပ်ချက်ကို ထောက်ပံ့ပေးနိုင်ပါသည်။

ပြဿနာများ / ကန့်သတ်ချက်များ (Problems/Constraints)

- ဘာသာရပ်ရွေးချယ်မှု အခွင့်အလမ်း — အချို့ဘာသာရပ်တွေက အလုပ်အကိုင် ဖန်တီးမှုနည်းပါး ပါသည်။ အခြေအနေအရ အထက်တန်း ရမှတ်အပေါ်ခွဲခြားသော စနစ်အရ မိမိဝါသနာပါသော ဘာသာရပ် အမှတ်မမီ၍ တစ်ခြားဘာသာရပ်ကို ဝါသနာမပါသော်လည်း ရွေးချယ်ခဲ့ရပါသည်။ (No chance to choose their interest)။
- သုတေသနနဲ့ အကောင်အထည်ဖော်မှု ချို့ယွင်းမှု — တက္ကသိုလ်များ၏ သုတေသန အများစုက နိုင်ငံအကျိုးပြုမှု မမြင်သာ၊ စီးပွားရေးအရ အထောက်အကူပေးမှု (Commercialization) နည်းပါးနေပါသည်။
- တက္ကသိုလ်များ၏ လွတ်လပ်စွာစီမံခန့်ခွဲနိုင်မှု (Autonomy) နည်းပါးခြင်း — ပြောင်းလဲနေသော ကမ္ဘာကြီး၏ လိုအပ်ချက်များကို လျင်မြန်စွာ မျက်စိမဖွင့်ပေး နိုင်၊ ချက်ခြင်းမပြောင်းလဲနိုင်ပါ။

(စင်္ကာပူနိုင်ငံ တက္ကသိုလ်အများစုတွင် သူတို့နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး အတွက် လိုအပ် လာပါက ဘာသာရပ်အသစ် (New Subjects/New Majors)၊ ဘွဲ့ဒီဂရီအသစ် (New Degree Programs) တို့ကို အဟောင်းများနှင့် နှစ်စဉ် လဲလှယ်၊ ပြောင်းလဲ သင်ယူ ကြပါသည်ဟု ကြားသိရပါသည်)။

**လက်တွေ့ကျသောအကြံပြုချက်များ (Practical Approach)၊**

အဆင့်လိုက်ဆောင်ရွက်နိုင်ပါသည် — (ချက်ချင်းလုပ်နိုင်/ နှစ်တို/နှစ်လတ်/ နှစ်ရှည်)

စာ-၁၁ သို့

စာ-၁၀ မှ

(၂-က) ချက်ချင်းဆောင်ရွက်နိုင်ရန် (Immediate) — ၀-၆ လအတွင်း

(၂-က-၁) နေရာတိုင်းမှာ အလုပ်အကိုင်ရှာဖွေပေးရေးဌာန/ရုံး (Career Services/unit) တိုးမြှင့် ဖွင့်လှစ်ရန်

တက္ကသိုလ်ကျောင်း တစ်ခုချင်းစီအလိုက် အလုပ်အကိုင်ရှာဖွေရေးဌာန (Career center) တည်ဆောက်ပေးနိုင်ပါသည်။ အလုပ်ရှာဖွေရန် အတိုင်ပင်ခံအဖွဲ့ဖွဲ့စည်းနိုင်ပါသည်။ ကိုယ်ရေးအကျဉ်း (CV)၊ လူတွေ့စစ်ဆေး ခြင်းသင်တန်း (Interview training)၊ အလုပ်အကိုင်ခေါ်ယူသောပွဲများ (job fairs)၊ ကြော်ငြာ ထည့်ခြင်းလုပ်ငန်းများ ချက်ခြင်း ဆောင်ရွက်နိုင်ပါသည်။

(၂-က-၂) အလုပ်ရှင်/လုပ်ငန်း/ကုမ္ပဏီများအကြံပေးအဖွဲ့ (Industry advisory boards) ဖွဲ့စည်းရန်

ဘာသာရပ်တစ်ခုချင်းစီအတွက် အခြေခံလုပ်ငန်းအဖွဲ့ကို ဖိတ်၍ လေ့လာမှု အကြောင်း အရာများကို အလုပ်လိုအပ်ချက်နှင့် ကိုက်ညီအောင် ပြင်ဆင်ပေးနိုင်ပါသည်။

(၂-က-၃) လုပ်ငန်းခွင်အကြို သင်တန်းတိုများ (Short courses) နှင့် လက်မှတ်ရသင် တန်း (Certificate Courses) များ

ဥပမာ - အခြေခံကွန်ပျူတာပညာကျွမ်းကျင်မှုများ (Basic Computer Skills)၊ လုပ်ငန်းခွင်သုံး အင်္ဂလိပ်စာ (English for Specific Purposes e.g. Jobs)၊ ဒီဂျစ်တယ် ကျွမ်းကျင်မှု (Digital skills)၊ စာရင်းဇယား တွက်ချက်နည်းစနစ်များ (Data analysis)၊ စာရင်းအင်းပညာ (Statistics)၊ စိုက်ပျိုးမွေးမြူရေးဘွဲ့ရများအတွက် တောင်သူပညာပေးလုပ်ငန်းများ (Agro-extension methods)၊ အခြေခံစာရင်းကိုင်ပညာ (Basic accounting) စ သည့် လက်တွေ့ကျသင်တန်းများကို အမြန်စတင်ပေးသင့်ပါသည်။

(၂-ခ) ကာလတိုအလတ် (၆-လ– ၂၄ လ)

(၂-ခ-၁) သင်ရိုးညွှန်းတမ်း (Curriculum)၊ သင်ရိုးမာတိကာ (Syllabus) အပြန်အလှန် ညှိနှိုင်းရန်

ရလဒ်ကိုအခြေခံသောပညာရေး (Outcome-based education)၊ သတ်မှတ်ဘွဲ့ကို ရရှိရမည့် နိုင်ငံတကာအသိအမှတ်ပြု (Competencies) များ သတ်မှတ်၊ သင်ရိုးကို လုပ်ငန်း လိုအပ်ချက်နှင့် ချိန်ညှိ သင့်ပါသည်။

(၂-ခ-၂) လုပ်ငန်းခွင်အကြိုလုပ်ငန်းများ (Internship)၊ ပညာရေးနှင့် လက်တွေ့စက်ရုံ၊ အလုပ်ရုံ ဆက်သွယ်မှု (School-Industry Relationship) ကို တိုက်တွန်းရန်

တက္ကသိုလ်များအားလုံး ဘွဲ့ဒီဂရီတိုင်းအနည်းဆုံး ၃-၆ လ အလုပ်လက်တွေ့ လေ့ကျင့်မှု (Industry Placement) မရှိမဖြစ် ရယူရန် မူဝါဒ ချမှတ်သင့်ပါသည်။

(၂-ခ-၃) အသက်မွေးဝမ်းကျောင်းပညာ (TVET) နှင့် တက္ကသိုလ်ပူးပေါင်းမှု (Stackable credentials)

အသက်မွေးဝမ်းကျောင်းပညာ/ ကျွမ်းကျင်မှုစွမ်းရည် (Vocational skills) ကို တက္ကသိုလ် ဘွဲ့၊ ဒီဂရီများ ထပ်ဆောင်းသင်ကြားနိုင်အောင် ချိတ်ဆက်ပေးသင့်ပါသည်။ ဥပမာ - ဂျာမနီနိုင်ငံတွင် တက္ကသိုလ်များသို့ တိုက်ရိုက် မသွားဘဲ အသက်မွေး ဝမ်းကျောင်း သင်တန်းကျောင်းများမှ စတင်ခဲ့သော ကျောင်းသား/သူများ အတွက် အသုံးချသိပ္ပံ ပညာဘွဲ့ (Bachelor of Applied Sciences) ပေးသော တက္ကသိုလ်များ (Fachhochschule) နိုင်ငံအနှံ့၊ ပြည်နယ်/တိုင်း၊ မြို့ကြီးတိုင်းနီးပါးမှာ ရှိပါသည်၊ လက်တွေ့ ကျကျ အလုပ်လုပ်ရင်း ဘွဲ့၊ ဒီဂရီရရှိစေသော အစီအစဉ်များ ဖြစ်ပါသည်။

(၂-ခ-၄) စွန့်ဦးလုပ်ငန်းတီထွင်မှုများ၊ (Entrepreneurship Hub & Incubation) တည်ထောင်ပေးခြင်း

တက္ကသိုလ်ကျောင်းတက်ရင်း စီးပွားရေးစတင်လိုသူများအတွက် လုပ်ငန်း တည်ထောင်ပေးမှု၊ ကြီးကြပ်ပေးမှု၊ ထောက်ပံ့ကြေး (Incubation, Mentorship, Seed grants) များ ပံ့ပိုးနိုင်ရေး စီစဉ်ဆောင်ရွက်သင့်ပါသည်။

(၂-ဂ) ကာလတိုအလတ်(၆-လ– ၂၄ လ)

(၂-ဂ-၁) သင်ရိုးညွှန်းတမ်း (Curriculum)၊ သင်ရိုးမာတိကာ (Syllabus) အပြန်အလှန် ညှိနှိုင်းရန်

ရလဒ်ကိုအခြေခံသောပညာရေး (Outcome-based Education)၊ နိုင်ငံတကာ အသိအမှတ်ပြုသော ဘွဲ့လက်မှတ်ကို ရရှိရမည့် (Competencies) များ သတ်မှတ်ကာ၊ သင်ရိုးကို လုပ်ငန်းလိုအပ်ချက်နှင့် ချိန်ညှိသင့်ပါသည်။

(၂-ဂ-၂) လုပ်ငန်းခွင်အကြိုလုပ်ငန်းများ (Internship)၊ ပညာရေးနှင့် လက်တွေ့စက်ရုံ၊ အလုပ်ရုံ ဆက်သွယ်မှု (School-Industry Relationships/ Partnerships) ကို တိုက်တွန်း ရန်

တက္ကသိုလ်များအားလုံး ဘွဲ့ဒီဂရီတိုင်းအနည်းဆုံး ၃-၆ လအလုပ်လက်တွေ့လေ့ကျင့်မှု (industry placement) မရှိမဖြစ် ရယူရန် မူဝါဒ ချမှတ်သင့်ပါသည်။

(၂-ဂ-၃) အသက်မွေးဝမ်းကျောင်းပညာ (TVET) နှင့် တက္ကသိုလ်များပူးပေါင်းမှု (Stackable credentials)

အသက်မွေးဝမ်းကြောင်းပညာ/ကျွင်းကျင်မှုစွမ်းရည် (Vocational skills) ကို တက္ကသိုလ် ဘွဲ့၊ ဒီဂရီ များ ထပ်ဆောင်းသင်ကြားနိုင်အောင် ချိတ်ဆက်ပေးသင့်ပါသည်။ ဂျာမနီနိုင်ငံတွင် အသက်မွေးဝမ်းကျောင်းဘက်ကို စတင်ခဲ့သော ကျောင်းသား/သူများအတွက် အသုံးချသိပ္ပံပညာဘွဲ့ (Bachelor of Applied Sciences) ပေးသော တက္ကသိုလ်များ (Fachhochschule) နိုင်ငံအနှံ့ ပြည်နယ်/တိုင်း၊ မြို့ကြီးတိုင်း နီးပါးမှာ ရှိပါသည်။ လက်တွေ့ကျကျ အလုပ်လုပ်ရင်း ဘွဲ့၊ ဒီဂရီရရှိစေသော အစီအစဉ်များ ဖြစ်ပါသည်။

(၂-ဂ-၄) စွန့်ဦးလုပ်ငန်းတီထွင်မှုများ၊ (Entrepreneurship Hub & Incubation) တည်ထောင်ပေးခြင်း

တက္ကသိုလ်ကျောင်းတက်ရင်း စီးပွားရေးစတင်လိုသူများအတွက် လုပ်ငန်း တည်ထောင်ပေးမှု၊ ကြီးကြပ်ပေးမှု၊ ထောက်ပံ့ကြေး (Incubation, Mentorship, Seed grants) များ ပံ့ပိုးနိုင်ရေး စီစဉ်ဆောင်ရွက်သင့်ပါသည်။

(၂-ဃ) ကာလရှည် (၂ နှစ်+)

(၂-ဃ-၁) နိုင်ငံအတွင်း ဘွဲ့ရများအချက်အလက် စနစ် (Graduate Tracer System) ရှိသင့်ခြင်း

ဘွဲ့ရတွေဘယ်လိုအလုပ်အကိုင်လုပ်ကိုင်နေသလဲ၊အလုပ်မရှိသူများ(Unemployed people) အကြောင်းရင်းကို တိုက်ရိုက်သိရှိဖို့ အမျိုးသားအဆင့်ဘွဲ့ရများအား ခြေရာခံသည့်အချက်အလက်စနစ် (National Graduate Tracking Database) တည်ဆောက် ထားသင့်ပါသည်။

(၂-ဃ-၂) စီးပွားရေးအခြေခံသော သုတေသနနှင့် စက်မှုလုပ်ငန်း ရန်ပုံငွေအခြေခံ သုတေသနများ (Commercialization & Industry-funded Research) ဆောင်ရွက်ခြင်း

တက္ကသိုလ်များမှဦးဆောင်သောသုတေသန (University-Led Research) ကို ဖောက်ထုတ်နိုင်အောင် မူပိုင်ခွင့်ဝါဒ၊ ဘာသာရပ်ဆိုင်ရာ ပါမောက္ခများ လွတ်လပ်စွာ သုတေသန လုပ်နိုင်ခွင့်၊ အစိုးရမှထောက်ပံ့မှု၊ စက်ရုံ၊ အလုပ်ရုံများ၊ ပုဂ္ဂလိက ငွေကြေး ပံ့ပိုးမှု (IP Policy, Spin-off support, Industry Co-funding) ပါဝင်လာသော သုတေသနများ ဖန်တီးပေးသင့်ပါသည်။

(၂-ဃ-၃) မူဝါဒအဆင့် — အဓိကပူးပေါင်းဆောင်ရွက်မှု

ပညာရေးဝန်ကြီးဌာန (Education Ministry)၊ အလုပ်သမားဝန်ကြီးဌာန (Labor Ministry)၊ တက္ကသိုလ်များအား ကြီးကြပ်နေရသော ဝန်ကြီးဌာနများ၊ ကုန်သည်ကြီးများ နှင့်စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (Industry Chambers e.g. UMFCCI) တို့ ပူးပေါင်း၍တစ်နိုင်ငံလုံး မဟာဗျူဟာ (Strategy)၊ ပညာရှင်နှင့်ကျွမ်းကျင်လုပ်သား လိုအပ် ချက်ကြိုတင်ခန့်မှန်းထားခြင်း (Labour Market Forecasting)၊ ပညာရပ်အလိုက် ကျွမ်းကျင်မှုကြိုတင်ခန့်မှန်းမှုသုတေသန (Skills Anticipation) ရေးဆွဲဆောင်ရွက် သင့်ပါသည်။

**(၃) ဘာသာရပ်အလိုက် အဆင့်သတ်မှတ်ထားခြင်း (Which disciplines to prioritize/to reform)**

နိုင်ငံတကာတွင် မိမိနိုင်ငံဖွံ့ဖြိုးရေး၊ စီးပွားတိုးတက်ရေးအတွက် အရေးကြီးပြီး အကျိုးရှိနိုင်သော ဘာသာရပ်များ နှစ်စဉ် ရေးဆွဲကာ အရေးကြီးမှုအလိုက် သတ်မှတ် ထားလေ့ရှိ ပါသည်။ မြန်မာနိုင်ငံအတွက်ဆိုလျှင်မူ အောက်ပါဘာသာရပ်များ သင်ကြား၊ သုတေသနပြုမှု ဖွံ့ဖြိုးတိုးတက်လာစေရန် ဦးစားပေးဆောင်ရွက်သင့်ပါသည်။ (စာရေးသူ၏ ပုဂ္ဂလိက ထင်မြင်ယူဆချက်သာဖြစ်ပါသည်။)

(၃-က) စိုက်ပျိုးမွေးမြူရေးနှင့် ၎င်းထွက်ကုန်များကူးသန်းရောင်းဝယ်ရေး (Agriculture & Agribusiness) — ဥပမာ- တန်ဖိုးကွင်းဆက်လုပ်ငန်း (Value-chain)၊ ရိတ်သိမ်းချိန် လွန်နည်းပညာ (Post-harvest technology)၊ စိုက်ပျိုးသီးနှံများကြိတ်ခွဲရေး (Agro-processing)၊ စိုက်ပျိုးမွေးမြူရေးဆိုင်ရာနည်းပညာ များ (Agricultural technology) စသည်များ.

(၃-ခ) ကျန်းမာရေးစောင့်ရှောက်မှုနှင့်ဆက်စပ်ပညာရပ်များ (Healthcare & Allied Health Professions) — ဥပမာ - အခြေခံကျန်းမာရေးပြုစုစောင့်ရှောက်မှု (Primary Care)၊ သူနာပြု လုပ်ငန်းများ (Nursing)၊ ပြည်သူ့ကျန်းမာရေး (Community Health) စသည်များ.

(ဥပမာ - ဖိလစ်ပိုင်နိုင်ငံတွင် ကျွမ်းကျင်သူနာပြုများစွာမွေးထုတ်၍ တစ်ကမ္ဘာလုံး အလုပ် လုပ်စေကာ နိုင်ငံခြားဝင်ငွေများစွာရရှိနေခြင်း

စာ- ၉ သို့

## ဆန်ဈေးကွက်

ယခုရက်သတ္တပတ်အတွင်း ရွှေဘိုပေါ်ဆန်းဆန် အလတ်စ တစ်တင်းခွဲ တစ်အိတ်လျှင် ၁၉၀၀၀၀ ကျပ်နှုန်းနှင့် အောက်စတစ်အိတ်လျှင် ၁၈၅၀၀၀ ကျပ်နှုန်းဖြင့်၊ ဖျာပုံပေါ်ဆန်း အလတ်စတစ်တင်းခွဲ တစ်အိတ်လျှင် ၁၂၅၀၀၀ ကျပ်နှုန်းနှင့် အောက်စတစ်အိတ်လျှင် ၁၂၀၀၀၀ ကျပ်နှုန်း၊ ဧယာဆန် အလတ်စတစ်တင်းခွဲ တစ်အိတ်လျှင် ၅၅၀၀၀ ကျပ်နှုန်းနှင့် အောက်စတစ်အိတ်လျှင် ၅၂၀၀၀ ကျပ်နှုန်း၊ငစိန်ဆန် ဟောင်းအလတ်စ တစ်တင်းခွဲ တစ်အိတ်လျှင် ၅၂၀၀၀ ကျပ်နှုန်းနှင့် အောက်စတစ်အိတ်လျှင် ၅၀၀၀၀ ကျပ်နှုန်းဖြင့်၊ ဧည့်မထဆန် ၂၅ ရာခိုင်နှုန်းအကြမ်း အလတ်စတစ်တင်းခွဲ တစ်အိတ်လျှင် ၄၈၀၀၀ ကျပ်နှင့် အောက်စ တစ်တင်းခွဲ တစ်အိတ်လျှင် ၄၇၀၀၀ကျပ်နှုန်းဖြင့် အသီးသီးရောင်းဝယ်လျက်ရှိကြောင်းသိရသည်။ ရွှေဘိုပေါ်ဆန်းဆန်တစ်မျိုးသာ ယခင်လနှင့် နှိုင်းယှဉ်ပါက ဆန်တစ်အိတ်လျှင် ၅၀၀၀ ကျပ်ဝန်းကျင် ဈေးမြင့်လာခဲ့ပြီးကျန် ဆန် အမျိုးအစားအားလုံး ယခင်လဈေးနှုန်းများဖြင့်သာ ဈေးငြိမ်အရောင်းအဝယ်ဖြစ်ခဲ့သည်။ ရွှေဘိုပေါ် ဆန်းဆန်မှာ ဆန်ဟောင်းလက်ကျန်များလက်ကျန်အလွန်နည်းလာချိန်ဖြစ်ခြင်း၊ လှောင်လက်များ လက်ဝယ်သာဆန်ရှိခြင်း၊ ဆန်သစ်အချို့ စတင်ရိတ်သိမ်းမှု ရှိလာချိန်တွင်ပေါ်ဦးပေါ်ဖျား ရောင်းလိုသော စက်ပိုင်များသည် စိုက်ပျိုးထွက်ရှိရာဒေသများသို့ ကိုယ်တိုင်ဆင်း၍ တိုက်ရိုက် ဝယ်ယူမှုများရှိလာခြင်းတို့ကြောင့် ရွှေဘိုပေါ်ဆန်းဆန်စပါးဈေး၊ ဆန်ဟောင်းဈေးနှင့် ဆန်သစ် ဈေးနှုန်းများ သိသာစွာဈေးမြင့်လာခဲ့ခြင်းဖြစ်သည်။ပြည်ပပို့ဆန်ဈေးကွက်တွင် ကမ္ဘာ့ဆန်ဈေးနှုန်းများ ကျဆင်းနေခြင်း၊ ပြည်တွင်း/ ပြည်ပမှ ဝယ်လိုအားပုံမှန်ရှိခြင်း၊ တရုတ်၊ မဒါဂက်စကာ၊ပိုလန်၊ ချက်ရီပက်ဘလစ်၊ ဗီယက်နမ်၊ တီမောလက်စတီ၊ စလိုဗေးနီးယား၊ အီတလီ၊ တူရကီ၊ နယ်သာလန်နိုင်ငံများအပြင် အခြားသော နိုင်ငံ ၂၀ ခန့်သို့ ပုံမှန်တင်ပို့မှုရှိခြင်းတို့ကြောင့်လည်းကောင်း၊ ကျန်ဆန်အမျိုးအစားအားလုံး ရောင်းလိုအား၊ ဝယ်လိုအားမျှနေခြင်းနှင့် ဆန်ဈေးနှုန်းများတည်ငြိမ်မှန်ကန်စေရေးအလို့ငှာ စားသုံးသူများထံသို့ သင့်တင့်မျှတသော ဈေးနှုန်းများဖြင့် ဆန်ကားများလှည့်လည်ရောင်းချပေးလျက်ရှိခြင်းတို့ကြောင့် ယခင်အပတ်ဈေးနှုန်းများဖြင့်သာ ဈေးငြိမ်အရောင်းအဝယ်ဖြစ်ခဲ့သည်။ ရန်ကုန်ဈေးကွက်သို့ ဖျာပုံ၊ မော်ကျွန်း၊ ဘိုကလေး၊ ကွမ်းခြံကုန်း၊ ဒေးဒရဲ၊ ကော့မှူး၊ တွံတေး၊ ဝါးခယ်မ၊ မြောင်းမြ၊ ကျိုက်လတ်၊ လပွတ္တာ၊ ရွှေဘိုဒေသများမှ ဆန်ဝင်ရောက်မှု ရှိခဲ့ကြောင်း သိရသည်။




၁၀-၁၂-၂၀၂၅ ရက်နေ့ ကောက်ယူဈေးနှုန်းများဖြစ်ပါသည်။

## အစေ့ထုတ်ပြောင်းဈေးကွက်

ဖိလစ်ပိုင်နိုင်ငံ၏ ပြည်တွင်း မွေးမြူရေး အစားအစာနှင့် အရက်ချက်စက်ရုံများ၏ ဝယ်လိုအားရှိလာခြင်း၊ ၂၀၂၆ ခုနှစ်တွင် ထိုင်းနိုင်ငံ၏ ကြက်မွေးမြူရေးလုပ်ငန်းများ တိုးတက်လာခြင်း၊ ဝက်မွေးမြူရေးလုပ်ငန်းနာလန်ထူလာခြင်းတို့ကြောင့် အစေ့ထုတ်ပြောင်းဝယ်လိုအား မြင့်တက်လာနိုင်ကြောင်း ခန့်မှန်းချက်များထွက်ပေါ်လာခြင်း၊ ထိုင်းနိုင်ငံသို့ အကောက်ခွန်လွတ် တင်သွင်းရန် အချိန်နီးကပ်လာခြင်းကြောင့် လှောင်လက်အချို့ ဝယ်ယူမှုရှိခြင်းစသည့် အခြေအနေများကြောင့် အစေ့ထုတ်ပြောင်းဈေးနှုန်းမှာ ယခင်လထက် မြင့်မားလာခဲ့ပြီး ယခင်အပတ် ဈေးနှုန်းများဖြင့်သာ ဈေးငြိမ်အရောင်းအဝယ်ဖြစ်ခဲ့သည်။ အစေ့ထုတ်ပြောင်း ၅၄ ပိဿာလျှင် ယခင်လ၏ ပျမ်းမျှ ဈေးနှုန်းမှာ ၇၇၂၂၀ ကျပ်ဖြစ်ပြီး ဒီဇင်ဘာလ၏ ပထမအပတ်နှင့် ဒုတိယရက် သတ္တပတ်၏ ဈေးနှုန်းမှာ ၇၈၃၀၀ ကျပ်ဖြစ်သည်။

## စားဖိုဆောင်သီးနှံဈေးကွက်

ငရုတ်ခြောက်(ရှည်)မှာ ပန်းရဲငရုတ်ခြောက် အဟောင်းစနှင့် အအေးခန်းလှောင်စများ၊ မြားနီငရုတ်ခြောက်အဟောင်းနှင့် အအေးခန်းလှောင်စများ၊ ရှမ်း(ရှည်)ငရုတ်ခြောက်များ ဈေးကွက်သို့ ကုန်အဝင်နည်းခြင်းနှင့် အရည်အသွေးကောင်းခြင်း၊ စားသုံးသူများမှ ဝယ်လိုအား များခြင်းကြောင့်လည်းကောင်း၊ငရုတ်ခြောက်(လတ်)မှာ ပျော်ဘွယ်မိုးထောင် တစ်မျိုးတည်းသာ ကုန်အဝင်ရှိခြင်းနှင့် ကုန်အဝင်နည်းခြင်းကြောင့် ၎င်းငရုတ်ခြောက်(ရှည်၊လတ်)များ ဈေးမြင့်ခဲ့ ကြသည်။ ငရုတ်ခြောက်(ပွ)မှာ ဆင်ဖြူကျွန်း(ပု)၊ ဧပွ(ပု)နှင့် မြစ်ဝ(ပု)အနည်းငယ်မျှသာ ဈေးကွက်သို့ ကုန်အဝင်ရှိခြင်း၊ ကုန်အဝင်မရှိသလောက်နည်းခြင်းနှင့် စားသုံးသူများမှ ဝယ်လိုအားနည်းခြင်း၊ ရောင်းလိုအား ဝယ်လိုအားမျှနေခြင်းကြောင့် ယခုအပတ် ဈေးနှုန်းများဖြင့်သာ ဈေးငြိမ်အရောင်းအဝယ်အေးခဲ့သည်။ ငရုတ်ခြောက်(ရှည်၊ လတ်၊ ပွ) တစ်ပိဿာလျှင် ယခင်အပတ်ပျမ်းမျှဈေးနှုန်းမှာ ၁၂၂၅၀-၁၄၀၀-၂၆၇၅၀ ကျပ်ဖြစ်ပြီး ယခုအပတ်ဈေးနှုန်းမှာ ၁၃၇၅၀-၁၄၂၅၀-၂၆၇၅၀ ကျပ်ဖြစ်သည်။

ကြက်သွန်နီ(ထူးနှင့်သေး)မှာ ကုန်အဝင်များခြင်း၊ အဟောင်းစများ အစို့အညှောင့်ပေါက်လာခြင်း၊ စားသုံးသူ ဝယ်လိုအား နည်းလာခြင်းတို့ကြောင့် ယခင် အပတ်ထက်ဈေးနိမ့်ခဲ့သည်။ ကြက်သွန်နီ(လတ်)မှာ ကုန်အဝင်နည်းခြင်းနှင့် စားသုံးသူများမှ ဝယ်လိုအားများခြင်းတို့ကြောင့် ယခင်အပတ်ထက် အနည်းငယ်ဈေးမြင့်လာခဲ့သည်။ ကြက်သွန်နီ (ထူး၊လတ်၊သေး) တစ်ပိဿာလျှင် ယခင်အပတ် ပျမ်းမျှ ဈေးနှုန်းမှာ ၁၃၁၃-၇၅၀-၄၅၀ ကျပ်ဖြစ်ပြီး ယခုအပတ်ဈေးနှုန်းမှာ ၁၃၀၀-၈၀၀-၃၇၅ ကျပ်ဖြစ်သည်။ ရန်ကုန် ဈေးကွက်သို့ ဆိပ်ဖြူ၊ မြင်းခြံ၊ မုံရွာ၊ တောင်သာဒေသများမှ ကုန်ဝင်ရောက်မှုများခဲ့ကြောင်း သိရသည်။ ကြက်သွန်ဖြူ(ရှမ်း)နှင့် ကြက်သွန်ဖြူ(ကြူကုတ်)မှာ ယခင်အပတ်ဈေးနှုန်းများဖြင့်သာ ဈေးငြိမ်အရောင်းအဝယ်အေးခဲ့သည်။ ကြက်သွန်ဖြူ(ရှမ်း) တစ်ပိဿာ ပျမ်းမျှဈေးနှုန်းမှာ ၅၀၀၀ ကျပ်ဖြစ်ပြီး ကြက်သွန်ဖြူ(ကြူကုတ်)တစ်ပိဿာ ပျမ်းမျှဈေးနှုန်းမှာ ၁၈၀၀၀ ကျပ်ဖြစ်သည်။ ရှမ်းအာလူးနှင့် တရုတ်အာလူးများ ယခင်လထက်ဈေးနိမ့်လာခဲ့ပြီး အာလူး(Ok၊ S1၊ S2)တစ်ပိဿာလျှင် ယခင်အပတ်နှင့် ယခုအပတ် ပျမ်းမျှဈေးနှုန်းမှာ ၃၃၀၀- ၃၈၀၀-၄၈၀၀ ကျပ်ဖြစ်သည်။ တရုတ်အာလူးတစ်ပိဿာလျှင် ယခင်အပတ်နှင့်ယခုအပတ် ပျမ်းမျှဈေးနှုန်းမှာ ၅၅၀၀ ကျပ်ဖြစ်သည်။

## စားသုံးဆီဈေးကွက်

စားအုန်းဆီတင်သွင်း သိုလှောင်ဖြန့်ဖြူးခြင်း၊ လုပ်ငန်းကြီးကြပ်မှုကော်မတီ၏ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာ ၅ ရက်မှ ၁၁ ရက်အထိ ကုန်ဆုံးသော ကာလအတွက် ထုတ်ပြန်ထားသော ရန်ကုန်အထိုင်လက်ကား ရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ၆၁၄၀ ကျပ်ဖြစ်သည်။ ပြင်ပရှိ လက်လီဈေးကွက်တွင် သတ်မှတ်ထားသော ဆီဆိုင်အချို့၌ ရည်ညွှန်းဈေးနှုန်းထက်များစွာ မကွာသော ဈေးနှုန်းများဖြင့် တစ်အိမ်ထောင်လျှင် စားအုန်းဆီ ၅၀ ကျပ်သားနှုန်းဖြင့် ရောင်းချပေးလျက်ရှိသည်။ အချို့သော မြို့နယ်များတွင် စားအုန်းဆီ တစ် ပိဿာ၏ ပြင်ပပေါက်ဈေးမှာ ၁၀၀၀၀ ကျပ်ဝန်းကျင်ဖြစ်သည်။

**အေးသန္တာဝင်း**

စာ-၁၃ မှ

ပိဿာ ၁၂၀၀၀ကျပ်၊ အာဂျီသီးအလုံးကြီး တစ်ပိဿာ ၁၅၀၀၀ကျပ်ဖြင့် ရောင်းဝယ်နေသည်။ သီပေါဘက်မှ လိမ္မော်သီးများ အရည် အသွေးအလိုက် ၁၀၀ ပိဿာ ၃၅၀၀၀၀ကျပ်မှ ၈၅၀၀၀၀ကျပ်ဖြင့် မန္တလေးဝန်းကျင် အမှာရှိသောမြို့များ ပြင်ဦးလွင်၊ ကျိုက်ထို စသောမြို့များသို့ တင်ပို့သည်။

## ဂျုံနှင့်အစေ့ထုတ်ပြောင်းဈေးကွက်

မြင်းမူ၊ မြောင်၊ မုံရွာ၊ ဆားတောင်၊ ဘုတလင်ဘက်မှ ဂျုံများမှာ အရည်အသွေး ပေါ်မူတည်၍ ၂၃၀၀၀၀ကျပ်မှ ၂၄၀၀၀၀ကျပ်၊ အထွက်တိုးဂျုံမှာ ၁၉၀၀၀၀ကျပ်၊ ကလေးဂျုံ ၂၀၀၀၀၀ကျပ်၊ ပန်ဆိုင်ကြူကုတ်ဂျုံ ၁၉၅၀၀၀ ကျပ်၊ ရှမ်းဂျုံ ၂၀၀၀၀၀ ကျပ်ဖြင့် ဂျုံစက်များ အဝယ်နည်းပြီး အရောင်းအဝယ်အေးနေသည်။ လက်လီမုန့်လုပ်ငန်းသမားများ အနေဖြင့် ဩစတေးလျဂျုံမှုန့်မှာ တစ်ပိဿာ ၃၈၅၀ကျပ်ဖြင့် ဝယ်ယူမှုများသည်။ အစေ့ထုတ်ပြောင်းထွက်ရှိရာ ဒေသသို့ တိုက်ရိုက်ဆင်းဝယ်ယူမှုများခြင်းကြောင့် ဈေးကွက်အတွင်း အဝင်နည်းခြင်း၊ မိုးစိုက်အဝင်နည်း၍ အစာစပ်သမား ပုံမှန်ဝယ်ယူမှုရှိခြင်း၊ ဆောင်းစိုက် များဝင်ချိန်နီး၍ လှောင်သမားထုတ်ရောင်းမှုရှိခြင်းကြောင့် ယခင်အပတ် ၃တင်းတစ်အိတ် ၇၄၀၀၀ကျပ်မှ ယခု အပတ် ၇၅၀၀၀ကျပ်သို့ ဈေးမြင့်သွားသည်။

**ခင်မေကြည်**




မန္တလေးပွဲစားကုန်သည် စက်ပိုင်ကထိန်တော်အသင်း၊ ကိုင်းတန်းဈေး၊ သီရိမာလာဈေးတို့မှ ၁၀-၁၂-၂၀၂၅ ရက်နေ့ ကောက်ယူဈေးနှုန်းများဖြစ်ပါသည်။

## ဆန်ဈေးကွက်

ရန်ကုန်ပေါ်ဆန်းမှာ အသစ်ဝင်ချိန်နီးသော်လည်း မဝင် သေးခြင်း၊ မြို့တွင်းစားသုံးမှု ပုံမှန်ရှိခြင်းကြောင့် တစ်တင်းခွဲ တစ်အိတ် ၁၅၀၀၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေပြီး ရွှေဘိုပေါ်ဆန်းမှာ အဝင်နည်းခဲ့ခြင်း၊ အသစ်မဝင်သေးခြင်း၊ မြို့တွင်းစားသုံးမှုအတွက် ဝယ်ယူမှုပုံမှန်ရှိခြင်း ကြောင့် ယခင် အပတ်တစ်အိတ် ၁၇၅၀၀၀ကျပ်မှ ၁၈၅၀၀၀ကျပ်သို့ ဈေးမြင့်သွားသည်။ မနောသုခဆန်မှာ အသစ်များ ဝင်ရောက်မှုရှိခြင်းကြောင့် အသစ်တစ်အိတ် ၆၅၀၀၀ကျပ်၊ အဟောင်း တစ်အိတ် ၈၂၀၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။ ငစိန်ဆန်မှာ အသစ်အဝင်နည်းသေးခြင်းကြောင့် အသစ်တစ်အိတ် ၅၅၀၀၀ကျပ် အဟောင်းတစ်အိတ် ၆၅၀၀၀ကျပ်ဖြင့် ရောင်းဝယ်နေသည်။ ဇီယာဆန်မှာ ရန်ကုန်ဈေးကွက်မှတစ်ဆင့် ဝင်ရောက်ပြီး အသစ်အဝင် များလာသော်လည်း အဟောင်းကို မြို့တွင်းစားသုံးမှုများရှိခြင်းကြောင့် အသစ် တစ်အိတ် ၆၃၀၀၀၊ အဟောင်း တစ်အိတ် ၇၀၀၀၀ ကျပ်ဖြင့် ရောင်းဝယ်နေသည်။ ရောမင်းဆန်မှာ မန္တလေးဝန်းကျင်မှ အဝင်ပုံမှန်၊ မြို့တွင်းစားသုံးမှု ပုံမှန်ရှိခြင်းကြောင့် တစ်အိတ် ၁၃၅၀၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။ သယ်ယူပို့ဆောင်ခအနေဖြင့် ဆန်အိတ်အနည်းအများပေါ်မူတည်၍ ရန်ကုန်မှ မန္တလေး ၅၀၀၀ကျပ်မှ ၆၀၀၀ကျပ် ရွှေဘိုမှ မန္တလေးတစ်အိတ် ၅၀၀၀ကျပ်မှ ၇၅၀၀ကျပ်သို့ ဈေးမြင့်သွားသည်။

## ဆီထွက်သီးနှံနှင့် ဆီဈေးကွက်

မြေပဲ (လုံးဆန်)မှာ ကျောက်ပန်းတောင်းဘက်မှ အသစ်များဝင်ရောက်ခြင်း၊ အရည်အသွေးကောင်းခြင်းကြောင့် အရည်အသွေးပေါ်မူတည်၍ ၁၀၀ပိဿာ ၈၄၀၀၀၀ကျပ်မှ ၈၇၀၀၀၀ကျပ် ထိဖြင့် လုပ်ငန်းသမားများ အဝယ်များသည်။ မြေပဲ(ဆီဆန်)မှာလည်း အသစ်များ အဝင်ရှိသော်လည်း ဆီစက်သမားအဝယ်ပုံမှန်ရှိခြင်းကြောင့် ၁၀၀ ပိဿာ ၇၈၀၀၀၀ ကျပ်မှ ၈၀၀၀၀၀ ဖြင့် ဆီစက်သမားများ အဝယ်ပုံမှန်ရှိသည်။ ဆောင်းနှမ်းအသစ်များ ဝင်ရောက်ခြင်း၊ မိုးနှမ်းလက်ကျန်နည်းခြင်း၊ လုပ်ငန်းသမားအဝယ်ပုံမှန်ရှိခြင်းကြောင့် ၃ တင်း တစ်အိတ် ယခင်အပတ် ၂၅၅၀၀၀ကျပ်မှ ယခုအပတ် အရည်အသွေးအကောင်းဆုံး ၂၇၅၀၀၀ ကျပ်သို့ ဈေးမြင့်သွားသည်။ နှမ်းညိုမှာ အသစ်အဝင်နည်းပြီး ဆီစက်သမား အဝယ်ပုံမှန်ရှိခြင်းကြောင့် ၃တင်း တစ်အိတ် ၂၇၀၀၀၀ကျပ်ဖြင့် ဈေးငြိမ်နေသည်။ နှမ်းနက် (စမုံ)မှာ အရောင်း အဝယ်အေးသော်လည်း ၄၅ပိဿာလျှင် ၇၄၀၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။ ပန်းနှမ်းမှာ အသစ်မဝင်သေးသော်လည်း လက်ကျန်ပစ္စည်းရှိ သော်လည်း ဈေးမြင့်သဖြင့် ရောဆီအဖြစ် ကြိတ်ရန် အဝယ်နည်းခြင်း၊ ပရဆေးသမားအဝယ်နည်းခြင်းကြောင့် အရောင်းအဝယ်အေးကာ ၄၅ ပိဿာ ၂၉၅၀၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။ နေကြာဈေးနှုန်းအနေဖြင့် လက်ကျန်နည်းပြီးဆီစက်သမားအဝယ်နည်းသော်လည်း ၂၇ပိဿာ၂၀၀၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။

## စားဖိုဆောင်ဈေးကွက်

ငရုတ်ခြောက်ရှည်မှာ အဝင်နည်းခြင်း၊ မြို့တွင်းသုံးဝယ်ယူမှု ပုံမှန်ရှိခြင်းကြောင့် တစ်ပိဿာ ၁၅၀၀၀ကျပ်မှ ၁၇၀၀၀ကျပ်၊ ငရုတ်ခြောက်(လတ်) အသစ်များ တစ်ပိဿာ ၁၉၀၀၀ကျပ်ဈေးရှိပြီး ငရုတ် ခြောက်(ပွ)မှာ ရောဝတီတိုင်းမှ Aircon များကုန်ချိန်ဖြစ်ပြီး ဆင်ဖြူကျွန်း(ပွ)များ သဲတော ဘက်မှ ဝင်ရောက်ပြီး တစ်ပိဿာ ၂၅၀၀၀ကျပ်ဈေးရှိသည်။ ကြက်သွန်နီမှာ လက်ကျန် နည်းသွားခြင်း၊ အသစ်မပေါ်သေးခြင်း၊ မြို့တွင်းစားသုံးမှု ပုံမှန်ရှိခြင်းကြောင့် ကြီးတစ်ပိဿာ ၁၅၀၀ကျပ်မှ ၁၇၀၀ကျပ်၊ လတ်တစ်ပိဿာ ၁၀၀၀မှ ၁၃၀၀ကျပ်၊ သေးတစ်ပိဿာ ၆၀၀မှ ၈၀၀ကျပ်သို့ ဈေးမြင့်သွားသည်။ ကြက်သွန်ဖြူ(ရှမ်း)မှာ အရည်အသွေး ကွာခြားမှုပေါ်မူတည်၍တစ် ပိဿာ ၃၀၀၀ ကျပ်မှ ၆၀၀၀ကျပ်ဖြင့် မြို့တွင်းသုံးစွဲမှု ပုံမှန်သာရှိသည်။ အောင်ပန်းအာလူးများ အိုကေတစ်ပိဿာ ၅၅၀၀ကျပ်၊ အေဝမ်းတစ်ပိဿာ ၄၅၀၀ကျပ်၊ ဆွဲတစ်ပိဿာ ၄၀၀၀ ကျပ်ဖြင့် မြို့တွင်းစားသုံးမှုပုံမှန်ရှိနေသည်။

## ပဲမျိုးစုံဈေးကွက်

မတ်ပဲဈေးနှုန်းအနေဖြင့် ကျောက်ရစ်မှ အသစ်များ ဝင်ရောက်မှုရှိခြင်း၊ လက်ကျန်များ ဖြစ်ခြင်းကြောင့် ၃တင်းတစ်အိတ် ၂၆၀၀၀၀ကျပ်ဖြင့် ဈေး တည်ငြိမ်နေပြီး စစ်ကိုင်း၊ မြင်းမူ၊ မြောင်ဘက်မှ ပဲအသစ်များ မှာ တစ်အိတ် ပဲအရည်အသွေးပေါ်မူတည်၍ ၂၁၀၀၀၀ကျပ်မှ ၂၄၀၀၀၀ကျပ်ထိ ဈေး အမျိုးမျိုးဖြင့် ရောင်းဝယ်နေသည်။ ပဲတီစိမ်း(အညာ)မှာလည်း ဆောင်းပဲသစ်များ စတင်ဝင်ရောက်ပြီး ပဲခွဲစက်များ အဝယ်ပုံမှန်ရှိခြင်း၊ အရည်အသွေး ကွာခြားမှုအလိုက် ဈေးကွာခြားခြင်းကြောင့် ၃တင်းတစ်အိတ် အနိမ့်ဆုံး ၃၁၅၀၀၀ကျပ်မှ အကောင်းဆုံး ၃၄၀၀၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။ ကျောက်ပန်းတောင်းဘက်မှ အသစ်များမှ စတင်ဝင်ရောက်မှုရှိခြင်း၊ လှောင်သမား လက်ကျန်ထုတ်ရောင်းမှုရှိခြင်း၊ ပဲခွဲစက်နှင့် ရန်ကုန်ဝယ်လက်ရှိခြင်းကြောင့် ပဲစဉ်းငုံ (နီ) ၃တင်း တစ်အိတ် ၂၄၀၀၀၀ကျပ်၊ ပဲစဉ်းငုံ(ဖြူ) ၂၁၅၀၀၀ ကျပ်ဖြင့် ဈေးငြိမ်နေသည်။ မိုးပဲပုတ်အဝင်နည်းခြင်း၊ လုပ်ငန်းသမားအဝယ်ပုံမှန်ရှိခြင်းကြောင့် ပဲပုတ် (မြန်မာ)၃တင်း တစ်အိတ် ၃၂၀၀၀၀ကျပ်ဖြင့် ဈေး တည်ငြိမ်နေပြီး ပဲပုတ်(ရှမ်း)မှာ ဆီစက်သမားအဝယ်နည်းခြင်းကြောင့် ၃တင်း တစ်အိတ် ယခင်အပတ် ၃၀၀၀၀၀ကျပ်မှ ယခုအပတ် ၂၈၀၀၀၀ကျပ် သို့ဈေး နိမ့်သွားသည်။ ကုလားပဲ(လုံးဖြူကြီး/လုံးဝါကြီး)တို့မှာ တောင်သူထုတ်ရောင်းမှု ရှိ၍ အသစ်များဈေးကွက်အတွင်းဝင်ခြင်း၊ လုပ်ငန်းသမားနှင့်ပဲခွဲစက်များ ပုံမှန်ဝယ်ယူမှုရှိခြင်းကြောင့် ကုလား ပဲ(လုံးဖြူကြီး) ၃တင်းတစ်အိတ် ၂၃၂၀၀၀ ကျပ် လုံးဝါကြီး ၂၂၀၀၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။ ခွဲခြမ်းမှာလည်း တစ်ပိဿာ ၅၈၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။ မြေထောက်ပဲမှာ မုံရွာ ဘက်မှ အသစ်များ ဝင်ရောက်ပြီး ၃တင်းတစ်အိတ် ၂၄၅၀၀၀ကျပ်၊ အညာ ဘက်မှ ဝင်သော ပဲ အရည်အသွေးပေါ်မူတည်၍ ၂၁၀၀၀၀ကျပ်မှ ၂၇၀၀၀၀ ကျပ်ဖြင့် ပဲကြော်/လှော် လုပ်ငန်းသမားများ အဝယ်ပုံမှန်ရှိသည်။ ပဲယင်းမှာ အသစ်မဝင်သေးခြင်း၊ ပဲခွဲစက်နှင့် ကြာဇံသမားအဝယ် နည်းခြင်းကြောင့် အရောင်းအဝယ်အေးကာ ၃တင်းတစ်အိတ် ၂၁၀၀၀၀ကျပ်ဖြင့် ဈေးတည်ငြိမ် နေသည်။ စားတော်ပဲ(ကျွန်း)မှာ လက်ကျန်နည်း ပစ္စည်းရှားခြင်း၊ ဈေးမြင့် လွန်းသဖြင့် လက်လီသမားအဝယ်နည်းခြင်းကြောင့် အရောင်းအဝယ် အေး ခြင်းကြောင့် ပေါက်ဈေးနှုန်းထွက်ရှိခြင်း မရှိပါ။ စားတော်ပဲ(ကနေဒါ)များကို သာ လက်လီသမားများ အဝယ်များပြီး ၃တင်းတစ်အိတ် ၃၂၀၀၀၀ကျပ်၊ အရည် အသွေးကောင်းအရောင်းလှ ၄၂၀၀၀၀ ကျပ်များသာ ရောင်းဝယ်မှု များသည်။ ကျောက်တွင်းဘက်မှ အသစ်များဝင်ရောက်မှုရှိခြင်းကြောင့် အရည်အသွေး ကောင်းပြီး ပဲကြော်/လှော်သမားအဝယ်ပုံမှန်ရှိခြင်းကြောင့် ၃တင်းတစ်အိတ် ၆၀၀၀၀၀ ကျပ်မှ ၆၅၀၀၀၀ ကျပ်သို့လည်းကောင်း၊ ပဲကြီး(သေး) ၅၃၀၀၀၀ကျပ်မှ ၅၀၀၀၀၀ ကျပ်သို့ အသီးသီး ဈေးနိမ့်သွား သည်။ ထောပတ်ပဲ(ကြီး/သေး)တို့မှာ အညာဘက်မှ အသစ်များ စတင်ဝင်ချိန် နီးခြင်း၊ လှောင်သမား ထုတ် ရောင်းမှုရှိခြင်း၊ ပဲကြော်/လှော်လုပ်ငန်းသမားအ ဝယ်ပုံမှန်ရှိခြင်းကြောင့် ထောပတ်ပဲ(ကြီး) ၃တင်းတစ်အိတ် ၂၆၅၀၀၀ကျပ်၊ ထောပတ်ပဲ (သေး) ၂၀၀၀၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။ ပဲလွန်းဖြူ/ပြာ များလည်း အသစ်ဝင်ချိန်နီးခြင်း၊ စတင်ဝင်ရောက်စပြုခြင်း၊ လှောင် သမားထုတ်ရောင်း မှုရှိခြင်းကြောင့် ပဲလွန်းဖြူ ၃တင်းတစ်အိတ် ၂၈၀၀၀၀ ကျပ်၊ ပဲလွန်းပြာ ၂၅၀၀၀၀ကျပ်ဖြင့် လက်လီသမားများ ဝယ်ယူမှုရှိသည်။

## ဟင်းသီး/ရွက် နှင့် သစ်သီးဝလံ ဈေးကွက်

မုံရွာ၊ ချောင်းဦးမှ ငရုတ်စို(ရှည်)နှင့် မိုးမျှော်သီးများ ဝင်ရောက်ပြီး ငရုတ်စို (ရှည်)တစ်ပိဿာ ၆၀၀၀ကျပ်၊ မိုးမျှော်တစ်ပိဿာ ၁၄၀၀၀ကျပ်၊ ငရုတ်စို(လတ်)၇၀၀၀ကျပ်ဖြင့် မြို့တွင်း ငပိထောင်း၊ လက်ဖက်သမားများ ပုံမှန်ဝယ်ယူမှုရှိသည်။ ရှမ်းတောင်ခရမ်းချဉ်မှာ ၂၀ ပိဿာ တစ်သေတ္တာ ၆၀၀၀၀ မှ ၇၀၀၀၀ကျပ်အထိ အရည်အသွေး ပေါ်မူတည်ရောင်းချသည်။ ဂေါ်ဖီထုပ်တစ်ထုပ် ၁၅၀၀ကျပ်၊ ပန်းမုံလာ အရည် အသွေးပေါ်မူတည် ၁၀၀၀မှ ၁၅၀၀ကျပ်၊ ဂေါ်ရခါးသီးတစ်လုံး ၁၀၀ကျပ် ဈေးဖြင့် စားသောက်ဆိုင်နှင့် မြို့တွင်းသုံးဝယ်ယူမှု ပုံမှန်ရှိသည်။ ရှာငံဘက်မှ ထောပတ်သီး ၁၂၀လုံးပါ တစ်အိတ် ၂၅၀၀၀ကျပ်၊ မန္တလေး ဝန်းကျင်မှ သခွားမွှေးများ အဝင်နည်းနေပြီး ရွှေသခွားများ ဝင်ရောက်သော်လည်း အရည် အသွေးညံ့သောကြောင့် တစ်လုံး ၁၅၀၀ကျပ်ဖြင့် မြို့တွင်းသစ်သီးဆိုင်များ ဝယ်ယူမှုရှိသည်။ သဘော်သီးများ ၂လုံးတွဲ တစ်ထုပ် ၂၀၀၀ကျပ်၊ ရမည်းသင်းစပျစ်သီးများ BK တစ်

စာ-၁၂ သို့



### သဘာဝကပေးအစာနှင့်ဆေး

# လေးညှင်း

ကြေးမုံငယ်

လေးညှင်းပွင့်ကို ဟင်းခတ်အမွှေးအကြိုင်အဖြစ်လည်းကောင်း၊ ပရဆေးအဖြစ်လည်းကောင်း လူသိများကြပြီး ယင်း၏အင်္ဂလိပ်အမည်မှာ cloves ဟု ခေါ်ပြီး သိပ္ပံအမည်မှာ Syzygium aromaticum ဟု ခေါ်ဆိုကာ မျိုးရင်း Myrtaceae တွင်ပါဝင်၏။ လေးညှင်းပင်သည် အင်ဒိုနီးရှားနိုင်ငံ Moluccas သို့မဟုတ် Spice Islands တွင် မူလစတင် ဖြစ်ထွန်းပြီး အထူးသဖြင့် Ternate နှင့် Tidore ကဲ့သို့သော ကျွန်းများမှ စတင်ဖြစ်ထွန်းပေါက်ရောက်၏။ ထို့နောက် အရှေ့အိန္ဒိယကျွန်းစုများတွင် အပါအဝင်ဖြစ်သော မိုလက်ကာကျွန်းများ၊ အိန္ဒိယနိုင်ငံနှင့် မြန်မာနိုင်ငံတို့သို့ တဆင့် ယူဆောင် စိုက်ပျိုးခဲ့ခြင်းဖြစ်၏။ ဒတ်ချ်လူမျိုးတို့သည် အရှေ့အိန္ဒိယကျွန်းစုများကို ပေါ်တူဂီလူမျိုးများလက်ထဲမှ တိုက်ခိုက်သိမ်းယူလိုက်သောအခါ လေးညှင်းပွင့်အပါအဝင် ဟင်းခတ်အမွှေးအကြိုင်ပင်များကို အမ်ဗွိုင်နားကျွန်းတွင် စိုက်ပျိုးခဲ့ကြ၏။ ပြင်သစ်လူမျိုးတို့သည် လေးညှင်းပင်ကို အာဖရိကတိုက် အရှေ့ဘက်ရှိ ဇန်ဇီဗာကျွန်းနှင့် အနောက် အိန္ဒိယကျွန်းစုများတွင် ထပ်ဆင့်ယူဆောင်စိုက်ပျိုးခဲ့ကြ၏။ ယခုအခါတွင်မူ အပူပိုင်းရာသီဥတုရှိသည့် နိုင်ငံများတွင် စိုက်ပျိုးလာကြ၏။ သမိုင်းကြောင်းအရ ဤအဖိုးတန် ဟင်းခတ်အမွှေးအကြိုင်ဆေးဖက်ဝင်လေးညှင်းပွင့်သည် အာရှ တလွှားတွင် ကုန်သွယ်မှုပြုလုပ်ခဲ့ပြီး "ဟန်"မင်းဆက် (ဘီစီ ၂၀၆ မှ အေဒီ ၂၂၀) အတွင်း တရုတ်နိုင်ငံသို့ ရောက်ရှိခဲ့ပြီး နောက်ပိုင်းတွင် ရေးခေတ်ကုန်သွယ်ရေး လမ်းကြောင်းများမှတစ်ဆင့် အရှေ့အလယ်ပိုင်းနှင့် ဥရောပသို့ပျံ့နှံ့သွားကာ ကိုလိုနီခေတ် ဟင်းခတ်အမွှေးအကြိုင်ကုန်သွယ်မှု၏ အဓိကမောင်းနှင်အားဖြစ်လာခဲ့၏။ ဥရောပအင်အားကြီးနိုင်ငံများ သည် အကျိုးအမြတ်များသော ဟင်းခတ်အမွှေးအကြိုင်ကုန်သွယ်ရေးလမ်းကြောင်းများကို ထိန်းချုပ်ရန် ယှဉ်ပြိုင်ခဲ့ကြသည့်အချိန်တွင် လေးညှင်းပွင့်နှင့်အတူ ဇာတိပ္ဖိုလ် nutmeg၊ သစ်ကြံပိုး cinnamon၊ ငရုတ် pepper တို့လည်းအတူ ပါဝင်ခဲ့၏။

လေးညှင်းပင်သည် အပူပိုင်းအမြဲစိမ်းပင်ဖြစ်ပြီး အမြင့်ပေ ၃၀ မှ ၄၀ အထိ ရှင်သန်ကြီးထွားနိုင်၏။ ပင်စည် အခေါက်မှာ မွဲပြာရောင်ရှိပြီး အကိုင်းအခက်များ တည့်မတ်စွာ ဘေးသို့ ဖြာထွက်၏။ အရွက်များမှာ ရှည်မျောမျော ဘဲဥပုံသဏ္ဌာန်ရှိပြီး ရွက်ရင်းအနည်းငယ်ဝိုင်း၍ ရွက်ထိပ်ချွန်သွယ်ကာ ရွက်လွှဲထွက်၏။ အလျား ၅-၆ လက်မ ထိရှည်၍ အနံ ၂ လက်မခန့် ကျယ်၏။ ရွက်ပြားမှာ သားရေကဲ့သို့ ပြောင်ချောပြီး အစက်အပြောက် က လေး များ ရှိ ၏ ။ အရွက်၏ အပေါ်မျက်နှာပြင်မှာ အစိမ်းရင့်ရောင်ရှိပြီး အောက်မျက်နှာပြင်မှာ အဝါဖျော့ရောင်ရှိကာ ရွက်ညှာတံ ပန်းရောင်ရှိ၏။ ပန်းပွင့်မှာ ၃ ပွင့် တစ်ခိုင်ဖြစ်၏။ တစ်ပင်တည်းတွင် အဖိုပွင့်၊ အမပွင့် သီးခြားစီရှိ၏။ ဆေးဖက်ဝင်အဖြစ် အဖိုပွင့်ကို သုံး၏။ အသီးမှာ အညိုရောင်ဖြစ်ပြီး ရှည်မျောမျော ပုံသဏ္ဌာန်ရှိကာ အစေ့ ၄-၆ စေ့ထိ ပါရှိ၏။

လေးညှင်းပွင့်ဆိုသည်မှာ ပန်းပွင့်ခါနီး အချိန်တွင်ခူးဆွတ်ပြီး အခြောက်ခံခြင်းမပြုမီ ပန်းပွင့်တစ်ပွင့်ဖြစ်၏။ ပန်းဖူးလေး၏ထိပ်ပိုင်းတွင် လုံးဝန်းသော ဝတ်ဆံမများစွာပါဝင်ပြီး ယင်း၏ဘေးတွင် မပွင့်သေးသော ပွင့်ချပ်လေးခု ပါဝင်ကာ အောက်ပိုင်းတွင် ပွင့်ရိုးတံရှည်ဖြင့် ဖွဲ့စည်းထား၏။ ယင်းပန်းရောင်အဖူးလေး၏ လုံးဝန်းသော ထိပ်ပိုင်းအထိ ပန်းရင့်ရောင်သို့ ပြောင်းလဲလာသည့်အခါ ခူးဆွတ်ပြီး အခြောက်ခံရ၏။ လုပ်သားအင်အားများစွာ အသုံးပြုရသည့် လုပ်ငန်းမျိုး ဖြစ်သော်လည်း ရနံ့သင်းသော အဆီဂလင်းများ ကြွယ်ဝခြင်း၊ ထူးခြားပြီး စူးရှသောအနံ့နှင့် အရသာတို့ကို ပေးစွမ်းနိုင်ခြင်းကြောင့် ဟင်းခတ်အမွှေးအကြိုင်အဖြစ်သာမက ဆေးဖက်ဝင်အဖြစ်ပါ တန်ဖိုးထားစိုက်ပျိုးလာကြခြင်း ဖြစ်၏။

လေးညှင်းပွင့် လက်ဖက်ရည်ဇွန်း တစ်ဇွန်းတွင် အစာစွမ်းအင် ၆ ကယ်လိုရီခန့်သာ ပါဝင်ပြီး ကာဘိုဟိုက်ဒရိတ် (အများစုမှာ အမျှင်ဓာတ်) အနည်းငယ်၊ ပရိုတင်း (အဆီ) အနည်းငယ်နှင့် သကြားဓာတ် အနည်းငယ်တို့ပါဝင်၏။ သတ္တုဓာတ်များအနေဖြင့် သံဓာတ်၊ ကယ်လ်စီယမ်၊ မဂ္ဂနီဆီယမ်နှင့် ပိုတက်စီယမ်တို့ များစွာပါဝင်သည့်အပြင် ကြေးနီ၊ ဇင့်နှင့် ဆီလီနီယမ်တို့လည်း အနည်းငယ်ပါဝင်၏။ ဗီတာမင်များအနေဖြင့် ဗီတာမင်အေ (ဘီတာကယ်ရိုတင်း)၊ ဗီတာမင် ဘီ အုပ်စု (ရိဘို ဖလာဗင်၊ နိုင်ရာစင်နှင့် ဘီ၆) နှင့်အတူ ဗီတာမင်စီ၊ အီး၊ ကေတို့ပါဝင်၏။ ထို့အပြင် ယူဂျီနောလ် (eugenol) ဟုခေါ်သည့် အစွမ်းထက်ဓာတ်တိုးဆန့်ကျင်ပစ္စည်းများ ကြွယ်ဝစွာ ပါဝင်၏။

လေးညှင်းဆီသည် ယူဂျီနောလ် ကြွယ်ဝပြီး အစွမ်းထက်သော ရနံ့မွှေးဆီတစ်မျိုးဖြစ်ပြီး ကိုက်ခဲနာကျင်မှုများကို သက်သာစေခြင်း (အထူးသဖြင့် သွားကိုက်ခြင်း၊ ခေါင်းကိုက်ခြင်း)၊ ဘက်တီးရီးယားပိုးမွှားများကို တိုက်ဖျက်နိုင်ခြင်း၊ မှိုရောဂါကိုဆန့်ကျင်နိုင်ခြင်း၊ ဓာတ်တိုးခြင်းကိုဆန့်ကျင်နိုင်ခြင်း၊ စိတ်ဖိစီးမှုကို သက်သာစေခြင်းနှင့် ရနံ့မွှေးကုထုံးများတွင် အသုံးပြုခြင်း၊ ခံတွင်းသန့်စင်ဆေးအဖြစ် အသုံးပြုခြင်း၊ အစာမကြေခြင်း၊ ချောင်းဆိုးခြင်းနှင့် ပန်းနာရင်ကျပ်ရောဂါ တို့အတွက် ရိုးရာတိုင်းရင်းဆေးပညာရပ်တွင် အသုံးပြုကြ၏။

• မဂ္ဂနီစီဓာတ်ကြွယ်ဝစွာပါဝင်သည့် လေးညှင်းပွင့်သည် ခန္ဓာကိုယ်၏ အရိုးများကြံ့ခိုင်မှုကို အားပေးခြင်း၊ ဟော်မုန်းများ မျှခြေအနေအထားရှိစေရန်ကူညီပေးသည့် အင်ဇိုင်းများကို အထောက်အကူပြုပေးခြင်းနှင့် ခန္ဓာကိုယ် အတွင်းရှိ ဆဲလ်များကို ပျက်စီးစေတတ်သည့် ဖရီးရယ်ဒီကယ်များထွက်ရှိခြင်းတို့မှ ကာကွယ်ပေးနိုင်စွမ်းရှိ၏။

• လေးညှင်းပွင့်တွင်ပါဝင်သည့် ဗီတာမင်အေသည် ဘီတာကယ်ရိုတင်း၏ အရင်းအမြစ်တစ်ခုဖြစ်ပြီး ရောင်ခြယ် ပစ္စည်း အညိုရောင်ကို ပေးစွမ်းနိုင်ပြီး ယင်းသည် မျက်လုံးများ၏ အမြင်အာရုံကျန်းမာခြင်းကို ကူညီပေးစွမ်းနိုင်၏။

• လေးညှင်းပွင့်တွင် ကြွယ်ဝစွာပါဝင်သည့် ယူဂျီနောလ် (eugenol) ဟုခေါ်သည့် အစွမ်းထက်ဓာတ်တိုးဆန့်ကျင်ပစ္စည်းများသည် ခန္ဓာကိုယ်အတွင်း ဓာတ်တိုးခြင်းကြောင့် စိတ်ဖိစီးခြင်း၊ ကိုယ်တွင်းရောင်ရမ်းနာကျင်ခြင်း၊ အဆစ်အမြစ် ရောင်ရမ်းနာကျင်ခြင်းတို့ကို ဆန့်ကျင်ပေးနိုင်ခြင်းနှင့်အတူ နှလုံးရောဂါ၊ ဆီးချိုရောဂါနှင့် အချို့သော ကင်ဆာများ ဖြစ်ပွားနိုင်ခြေကို လျှော့ချရာတွင် ကူညီပေးနိုင်စွမ်းရှိ၏။ ထို့အပြင် အသည်းခြောက်ခြင်းနှင့် အသည်းအဆီဖုံးခြင်း ရောဂါများဖြစ်ပွားနိုင်ချေကိုလည်း လျှော့နည်းစေနိုင်စွမ်းရှိ၏။

• အစာအိမ်နာအများစုသည် သင့်အစာအိမ်အတွင်းအလွှာကို ကာကွယ်ပေးသော အချွဲလွှာများ ပါးလွှာလာခြင်း ကြောင့် ဖြစ်ပေါ်လာခြင်းဖြစ်၏။ သုတေသနပြုချက်များအရ လေးညှင်းပွင့်ကို ပမာဏတစ်ခုသတ်မှတ်ပြီး နေ့စဉ် စားသုံးပေးခြင်းဖြင့် အစာအိမ်နာကျင်ခြင်းမှ ကာကွယ်ပေးနိုင်ကြောင်း တွေ့ရှိထား၏။

လေးညှင်းပင်၏ အရွက်နှင့် ပင်စည်တို့မှ ထုတ်ယူရရှိသည့်အဆီနှင့် လေးညှင်းဖူးပွင့်မှ ထုတ်ယူရရှိသည့် အဆီဟူ၍ ရှိပြီး ဖူးပွင့်မှထုတ်ယူရရှိသည့်အဆီသည် ပြင်းအားမြင့်ပြီးဆေးဖက်ဝင်အာနိသင်ပိုကောင်းပြီး ရနံ့အကောင်းဆုံးဖြစ်၏။ ဖူးပွင့်ဆီသည် အလွန်အစွမ်းထက်သည့်အတွက် အရေပြားအပေါ်ယံလိမ်းရန်အတွက်အသုံးပြုသည့်အခါ အုန်းဆီ သို့မဟုတ် ဂျိုဂျိုဘာဆီနှင့် ရောစပ်ပြီးမှသာ အသုံးပြုသင့်၏။

အိမ်တိုင်း၏စားဖိုဆောင်တွင် လေးညှင်းပွင့်ကို စွယ်စုံသုံးဟင်းခတ်အမွှေးအကြိုင်တစ်ခုအဖြစ်သာမက ကျန်းမာ ရေးအတွက် ရိုးရာကုထုံးနှင့် အိမ်တွင်းကုထုံးများအတွက်လည်း ဆေးဖက်ဝင်အဖြစ် အလွယ်တကူ အသုံးပြုကြ၏။ လေးညှင်းပွင့်ကို အပွင့်ချည်းသီးသန့် ဝယ်ယူရရှိနိုင်

စာ-၁၅ သို့

ကျောဖုံးမှ-

ဒေသကြီးနှင့်ဧရာဝတီတိုင်းဒေသကြီးတို့တွင်အနည်းငယ်သာမွေးမြူကြကြောင်း သိရှိရပါသည်။

မြန်မာနိုင်ငံတွင် ကျားပုစွန်မွေးမြူသူအများစုမှာ သမရိုးကျမွေးမြူနည်းစနစ် (Trap& Hold System) ကို အများဆုံးမွေးမြူ ကြပါသည်။ ကျားပုစွန်ကန်အများစုအား ဒီရေရောက်တော ဒေသတွေမှာ အများဆုံးတွေ့ရပါသည်။ မွေးကန် များသည် ကန်ကျယ်များဖြစ်ပြီး ဧက(၂၀ မှ ၁၀၀) အထိရှိတတ် ကြပါသည်။ လပြည့်/လကွယ် ဒီရေအတက်တွင် ရေသွင်း၍သဘာဝမှပါလာသော ကျားပုစွန်သားပေါက် များအား ရေတံခါးပိတ်၍မွေးမြူခြင်း (Trap & Hold System) ဖြစ်ပြီး သားပေါက်နှင့် အစာထည့်သွင်း မွေးမြူခြင်းမရှိဘဲ သဘာဝအစာကိုသာ အားကိုးပြီး မွေးမြူသည့် နည်းဖြစ်ပါသည်။ ယခုနောက်ပိုင်း ကာလများတွင် သဘာဝမှ သားပေါက်အရနည်းသည့်အခါများတွင် ပုစွန်မွေးမြူသူအချို့မှာ ကျားပုစွန် သားဖောက်ရုံများမှသားပေါက်များ (သို့) သဘာဝမှ သားပေါက်များအား ကန်ထဲသို့ထည့်သွင်းခြင်း၊ အစာအနည်းငယ်ကျွေးမွေးသည့် ကန်ကျယ် မွေးမြူနည်းစနစ် (Extensive Plus System) ကို မွေးမြူ နေကြပါသည်။ သိပ်ပွံနည်းကျမွေးမြူသည့်နည်းစနစ် (Semi-intensive)နှင့် သိပ်ပွံနည်းကျကန်ကြပ် မွေးမြူနည်းစနစ်(Intensive) တို့အား ပုစွန်မွေးမြူရေးတိုးချဲ့လုပ်ငန်းစတင်သည့် ၂၀၀၀ ခုနှစ်ပတ်ဝန်းကျင်တွင် ကုမ္ပဏီအများစုမှ မွေးမြူကြသော်လည်း ၂၀၀၂ ခုနှစ်တွင် White Spot Syndrome Virus ရောဂါကျရောက်ခဲ့ပြီးနောက် ကျားပုစွန်အား သိပ်ပွံနည်းကျမွေးမြူသူနည်းပါးသွားခဲ့ပါသည်။ ၂၀၀၃ ခုနှစ်နောက်ပိုင်း ပြန်လည် မွေးမြူလာကြသော်လည်း ကန်ကျယ်မွေးမြူနည်းစနစ်သာ အများစုမွေးမြူကြပါသည်။

ရေငန်ပုစွန်ဖြူအား အဆင့်မြင့်သိပ်ပွံနည်းကျကန်ကြပ်မွေးမြူနည်းစနစ် (Super intensive system) ဖြင့်မွေးမြူနေကြပါသည်။ သားပေါက်ထည့်သွင်းခြင်း၊ အစာအားစနစ်တကျကျွေးမွေးခြင်း၊ ကန်အောက်ခြေ (High Density Polyethylene – HDPE) ခင်း၍မွေးမြူခြင်း၊ ရေအားလဲလှယ်နှုန်းနည်း သည့် Close Type System ဖြင့်မွေးမြူကြခြင်း၊ ၂၄ နာရီလေပေးခြင်း၊ မွေးကန်ဧရိယာမှာ ၁ ဟက်တာနှင့် ၁ ဟက်တာ အောက်ကိုသာအသုံးပြု၍ သားပေါက်ထည့်သွင်းနှုန်းမှာ အနည်းဆုံး တစ်မီတာပတ်လည်ကို သားပေါက်ကောင်ရေ ၁၅၀ မှ ၃၀၀ အထိ ထည့်သွင်းတတ်ကြပြီး၊ အထွက်နှုန်းမှာ ၁၅ တန် မှ ၂၅ တန်အထိထွက် ရှိကြပါသည်။ ရှင်သန်နှုန်း ၉၀ ရာခိုင်နှုန်းအထိ ရရှိသည်ကို လေ့လာသိရှိရပါသည်။

နိုင်ငံတော်မှလည်းမြေလွတ်၊ မြေရိုင်းများ၊ စိုက်ပျိုး၍မရသည့်ဆားငန်ရေဝင်ရောက်သည့်မြေများတွင် ရေသတ္တဝါမွေးမြူရေးလုပ်ငန်း လုပ်ကိုင်လိုသည့်လုပ်ငန်းရှင်များကို ပုစွန်မွေးမြူရေးလုပ်ငန်းတိုးချဲ့ဆောင်ရွက်နိုင်ရန်အတွက် မွေးမြူရေးဇုန်များအားရှာဖွေဖော်ထုတ်၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိနေပါသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးအနေဖြင့်လည်း တနင်္သာရီတိုင်းဒေသကြီးအတွင်း ပုစွန်မွေးမြူထုတ်လုပ်မှုတိုးတက်လာစေရန် ပုစွန်မွေးကန်များတူးဖော်ရေး အတွက် မြေအသုံးချခွင့်များရရှိရေး ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိပါသည်။ ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ပုစွန်မွေးမြူသူတောင်သူများလိုအပ်သည့် အစာနှင့် သားပေါက်များ တင်သွင်းနိုင်ရန်အတွက်


တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်ရှိ
အဆင့်မြင့် ရေငန်ပုစွန်ဖြူ မွေးမြူကန်များ

ကုန်သွယ်ရေး ဦးစီးဌာနသို့ထောက်ခံချက်များပေးခြင်း၊ မွေးမြူသည့်ရေသတ္တဝါများ ကျန်းမာရေး ကောင်းမွန်ကြောင်း ထောက်ခံချက်များထုတ်ပေးခြင်း၊ ရောဂါပိုးကင်းစင်ကြောင်း အလွယ်တကူ စစ်ဆေးနိုင်ရန်အတွက် ရန်ကုန်တိုင်း ဒေသကြီးနှင့်တနင်္သာရီတိုင်းဒေသကြီးတို့တွင် PCR ဓါတ်ခွဲခန်း များဖွင့်လှစ်၍ဆောင်ရွက်ပေးခြင်း၊ ပြည်ပသို့တင်ပို့လိုသည့် ငါး/ပုစွန်/ကဏန်းမွေးမြူရေးကန်များအတွက် ကောင်းမွန်သောရေသတ္တဝါမွေးမြူရေးကျင့်စဉ်ဖြင့် မွေးမြူကြောင်း အသိအမှတ်ပြုလက်မှတ်များထုတ်ပေးခြင်းတို့အား ဝန်ဆောင်မှုပေးလျက်ရှိပါသည်။

စီးပွားဖြစ်ပုစွန်မွေးမြူရေးလုပ်ငန်း လုပ်ဆောင်သူများ အနေဖြင့် သဘာဝပတ်ဝန်းကျင်အား မထိခိုက်စေသည့် ကောင်းမွန်သော ရေသတ္တဝါမွေးမြူရေးကျင့်စဉ်နဲ့အညီ မွေးမြူကြရမှာဖြစ်ပါသည်။ စီးပွားဖြစ်ပုစွန်မွေးမြူထုတ်လုပ်သူများ အနေဖြင့်ရောဂါကျရောက်ပျံ့နှံ့မှုမရှိရေးအတွက် ဇီဝလုံခြုံရေး ကို ကောင်းစွာလိုက်နာကျင့်သုံးပြီး ဆောင်ရွက်ပါကပုစွန်မွေးမြူရေး လုပ်ငန်းများ ရေရှည်တည်တံ့စေ နိုင်ပြီး ထုတ်လုပ်မှုလည်း တိုးတက်လာမှာဖြစ်ပါသည်။

ကမ္ဘာ့ရေငန်ပုစွန်ဖြူမွေးမြူထုတ်လုပ်မှုသည် ၂၀၂၄ ခုနှစ်၌တန်ချိန် ၅ ဒသမ ၇သန်းအထိရှိခဲ့ပြီး၂၀၂၅ ခုနှစ်၌ ထုတ်လုပ်မှုတန်ချိန် ၆ ဒသမ ၁ သန်းအထိရှိလာမည်ဟု ခန့်မှန်းထားကြပါသည်။ ၂၀၂၄ ခုနှစ် ကိန်းကဏန်းအရ ကမ္ဘာ့ရေငန်ပုစွန်ဖြူ ဈေးကွက်ရှယ်ယာအား အဓိကမွေးမြူထုတ် လုပ်သော နိုင်ငံများဖြစ်သည့် အိန္ဒိယနိုင်ငံမှ ၂၉ ဒသမ ၄၇ ရာခိုင်နှုန်း၊ အီကွေဒေါနိုင်ငံမှ ၁၆ ဒသမ ၁၉ ရာခိုင်နှုန်း၊ ဗီယက်နမ်နိုင်ငံမှ ၈ ဒသမ ၅ ရာခိုင်နှုန်း၊ အင်ဒိုနီးရှား နိုင်ငံမှ ၇ ဒသမ ၈ ရာခိုင်နှုန်းနှင့်အခြား နိုင်ငံများမှ ၃၈ ဒသမ ၀၄ ရာခိုင်နှုန်း ရရှိလျက်ရှိပါသည်။

ကမ္ဘာပေါ်တွင် ၂၀၂၄ ခုနှစ် ရေချို၊ ရေငန်ပုစွန်များ၏ လက်ရှိလက်ကားဈေးနှုန်းမှာ တစ်ကီလိုဂရမ် ကို အမေရိကန်ဒေါ်လာ ၅ ဒေါ်လာ မှ ၁၃ ဒသမ ၅၇ ဒေါ်လာအတွင်း အရွယ်အစားအမျိုးမျိုးပေါ်မူတည်၍ ရရှိကြပြီး ပုစွန်တစ်တန်လျှင်အမေရိကန်ဒေါ်လာ ၅၀၀၀ ခန့်ထိရရှိလျက်ရှိပါသည်။ ပြည်တွင်း ဈေးကွက်အနေဖြင့် ရေငန် ပုစွန်ဖြူနှင့်ကျားပုစွန် ၁၆ ဂရမ်မှ ၃၀ ဂရမ်အရွယ် ၁ ပိဿာလျှင် ၃၅၀၀၀ ကျပ်မှ ၄၀၀၀၀ ကျပ်ခန့် အထိ ရရှိ တတ်ကြပါသည်။ ရေချိုပုစွန်မွေးမြူသူများအနေဖြင့် ၁၆ ဂရမ်မှ ၃၀ ဂရမ်အရွယ် ၁ပိဿာလျှင် ၃၈၀၀၀ ကျပ် မှ ၄၃၀၀၀ ကျပ်ခန့်အထိရရှိတတ်ကြပါသည်။ ပုစွန်မွေးမြူသူများ အနေဖြင့် ရေချို၊ ရေငန်ပုစွန် အရှင်များအား ပြည်တွင်းရှိ Super Market များနှင့် စားသောက်ဆိုင်များသို့ ရောင်းချကြကြောင်း သိရှိရပါသည်။ ပုစွန်မွေးမြူသူများအတွက် ပြည်ပ ဈေးကွက်အပြင်ပြည်တွင်းဈေးကွက်လည်း အခိုင်အမာ ရှိနေပါသည်။ ထို့အပြင် Value Added များ၊ ပုစွန်ပြုတ်ခြောက်များအစရှိသဖြင့် ပြည်တွင်းပြည်ပဈေးကွက် အပေါ်မူတည်၍ ထုတ်လုပ်ရောင်းချနေကြောင်း သိရှိရပါသည်။

လက်ရှိ ပုစွန်မျိုးစိတ်များသည် အခြားသော ရေသတ္တဝါမျိုးစိတ်များထက် မွေးကာလ တိုတောင်း ခြင်း၊ ဈေးကောင်းရရှိခြင်း၊ ဝယ်လိုအားအမြဲရှိနေခြင်း၊ မြောက်များစွာထွက်ရှိနိုင်ခြင်း တို့ကြောင့် မွေးမြူရေးသမားများအတွက် ဝင်ငွေရလွယ်သည့် မွေးမြူရေးရေထွက်ကုန်တစ်မျိုး ဖြစ်ကြောင်း တိုက်တွန်းရေးသားတင်ပြလိုက်ရပါသည်။

ရွှေပုစွန်လေး (ငါးဦးစီး)

စာ-၁၄ မှ

သကဲ့သို့ လေးညှင်းမှုန့်ကိုလည်း ပရဆေးဆိုင်၊ စူပါမားကက်များ၊ ကွမ်းယာပစ္စည်း အရောင်းဆိုင်များတွင် ဝယ်ယူရရှိနိုင်၏။

• လေးညှင်းပွင့်ကို ဟင်းခတ်အမွှေးအကြိုင် မာဆလာကြိတ်ရာတွင်လည်း ပါဝင်ပစ္စည်းတစ်မျိုးအနေဖြင့်ထည့်သွင်းကြ၏။ ချက်ပြုတ်မည့် ဟင်းလျာအမျိုးအစားအပေါ်မူတည်ပြီး ပါဝင်ပမာဏကို ချင့်ချိန်အသုံးပြုကြရ၏။

• မြန်မာတို့၏ရိုးရာအလှူမင်္ဂလာပွဲများတွင် တည်ခင်းဧည့်ခံလေ့ရှိကြသည့် ပဲထမင်း၊ ထောပတ်ထမင်း၊ ဒန်ပေါက် ထမင်းနှင့် အသားဟင်းလျာများချက်ပြုတ်ရာတွင်လည်း လေးညှင်းပွင့်ကို မပါမဖြစ်ထည့်သွင်းချက်ပြုတ်ရ၏။

• မြန်မာ့ရိုးရာယဉ်ကျေးမှုအရ အိမ်တိုင်းတွင် ကွမ်း၊ ဆေး၊ လက်ဖက်တည်ခင်းထားလေ့ရှိရာ ကွမ်းယာထဲတွင် လေးညှင်းပွင့်ကိုလည်း အဆာတစ်မျိုးအဖြစ် ထည့်သွင်းစားသုံးတတ်ကြ၏။

• လေးညှင်းမှုန့်ကို အချိုပွဲအတွက် မုန့်များ ပြုလုပ်ရာတွင်လည်းကောင်း၊ လေးညှင်းမှုန့်ရေနွေးကြမ်း ပြုလုပ် သောက်သုံးရာတွင်လည်းကောင်း ထည့်သွင်းအသုံးပြုကြ၏။

သဘာဝတရားမှပေးသည့် လက်ဆောင်မွန် လေးညှင်းပင်မှ ရရှိသည့် အစိတ်အပိုင်းများကို အမြတ်တနိုးတန်ဖိုးထား ပြီး ရာသီချိန်ခါနှင့်အညီ ဒေသအလိုက် မတူညီကွဲပြားသည့် ချက်ပြုတ်နည်းမျိုးစုံဖြင့် ပြင်ဆင်စားသုံးခြင်းဖြင့် ကုန်ကျစရိတ် သက်သာစေပြီး ကျန်းမာရေးအကျိုးကျေးဇူးကောင်းများကို ရရှိနိုင်မည်ဖြစ်၏။ ထို့အပြင် မိမိတို့နိုင်ငံအတွက် ဂေဟစနစ် ကောင်းမွန်စေရေး၊ ဇီဝမျိုးစုံမျိုးကွဲကြွယ်ဝမှုများကို ထိန်းသိမ်းရေးနှင့် ကိုယ်ပိုင်ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းများ ထိန်းသိမ်းစေနိုင်မည် ဖြစ်၏။

ကြေးမုံငယ်

# ဝင်ငွေတိုးဖို့ ပုစွန်မွေးကြပါစို့

ရွှေပုစွန်လေး(ငါးဦးစီး)

ပုစွန်၏အရသာသည်ထူးကဲသဖြင့်ကျွန်မတို့နိုင်ငံ၌လူကြိုက်များရုံမကပဲ ကမ္ဘာ့နိုင်ငံအသီးသီးမှလည်း လူကြိုက်များသည့် ရေထွက်ကုန်ပစ္စည်းတစ်မျိုးဖြစ်ပါသည်။ ပြည်တွင်း၌စားသုံးရန် ရောင်းချခြင်း အပြင် ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချ၍ရနိုင်သဖြင့် မြန်မာနိုင်ငံရှိ ပုစွန်မွေးမြူသူများ၊ ကမ္ဘာပေါ်ရှိ ပုစွန် မွေးမြူသူ အားလုံးအတွက် ဈေးကောင်းရသည့် ရေသတ္တဝါမျိုးစိတ်တစ်မျိုးဖြစ်ပါသည်။ ပုစွန်မှာ အမျိုး အစားအားဖြင့် ရေချိုနှင့်ရေငန်ဟူ၍(၂)မျိုးရှိပါသည်။ ရေချိုပုစွန်မျိုးစိတ်တွေထဲတွင် အထင်ရှားဆုံးနှင့် လူကြိုက်များသည့်ရေချိုပုစွန် မျိုးမှာရေချိုပုစွန်တုပ်ကြီးဟုခေါ်သည့် (Macrobrachium rosenbergii) မျိုးဖြစ်၍ အထင်ရှားဆုံး မွေးမြူကြသည့် ရေငန်ပုစွန်မျိုးစိတ်များမှာ ကျားပုစွန် (Penaeus monodon) နှင့် ပုစွန်ဖြူ (Litopenaeus vannamei) တို့ဖြစ်ကြပါသည်။

ရေချိုပုစွန်တုပ်ကြီးမျိုးသည် အရွယ်အစားကြီးမား၍အသားမှာနူးညံ့ပြီး အရသာရှိသော ရေချိုမျိုးစိတ် တစ်မျိုးဖြစ်ပါသည်။ ကမ္ဘာပေါ်တွင် Macrobrachium မျိုးစိတ်ပေါင်း ၂၀၀ ခန့်ရှိပြီး ၎င်းတို့အနက် မှ ၄၉ မျိုးအား စီးပွားဖြစ်မွေးမြူကြပါသည်။ အာရှနှင့်ပစိဖိတ်ဒေသတွင် စီးပွားဖြစ်မွေးမြူသည့် မျိုးစိတ် ၂၇ မျိုးခန့်တွေ့ရှိရပါသည်။ ရေချိုပုစွန်ထုပ်ကြီးကို အပူပိုင်းနဲ့အပူသမပိုင်းရာသီဥတုရှိသည့် အင်ဒိုပစိဖိတ်ဒေသများဖြစ်သော မလေးရှား၊ ထိုင်း၊ ဖိလစ်ပိုင်၊ အိန္ဒိယ၊ သီရိလင်္ကာ၊ ဘင်္ဂလားဒေ့ရှ်၊ မြန်မာ၊ အင်ဒိုနီးရှားနှင့် ဗီယက်နမ်နိုင်ငံ တို့တွင် တွေ့ရှိရပါသည်။ ၎င်းမျိုးစိတ်များအား ရေချိုရှိရာကန်များ၊ မြစ်များ၊ ချောင်းများ၊ မြောင်းများ၊ တူးမြောင်းများ၊ ချိုင့်ဝှမ်းများ၊ မြေနိမ့်ပိုင်း ရေလွှမ်းလွင်ပြင်များနဲ့ မြစ်ဝများတွင်တွေ့ရပြီး အာရှနှင့်အရှေ့ တောင်အာရှ၏ဒေသမျိုးရင်းဖြစ်ပြီး ပစိဖိတ်သမုဒ္ဒရာအနောက်ဘက်ကျွန်းစုများ၌လည်း တွေ့ရပါသည်။

ရေချိုပုစွန်တုပ်ကြီးမျိုးဖြစ်သော ဥဆောင်အမများသည် မျိုးပွားချိန်တွင် ရေချိုမှ ရေချိုရေငန်စပ်ရှိရာ မြစ်အောက်ပိုင်း၊ မြစ်ဝများသို့၎င်းတို့၏ဥများအုချရန် အတွက်ရွှေ့ပြောင်းသွား လာတတ်ပါသည်။ အမများမှ ဥအုချသောသားလောင်းများသည် ရေချိုရေငန်စပ်ထဲတွင် လွတ်လပ်စွာ ကူးခတ်နေပြီးရုပ်သွင် ပြောင်းလဲခြင်း ၁၁ ဆင့်ကူးပြောင်းပြီးနောက် သားပေါက်ကောင်ဟု ခေါ်သော (Post Larvae)အဆင့် တွင်ရေချိုရှိရာ အထက်ပိုင်းအရပ်သို့ရွှေ့ပြောင်းသွားလာလေ့ရှိပြီး ရေချိုတွင် သက်ကြီးကောင်အဆင့် အထိ နေထိုင်ကျက်စား လေ့ရှိပါသည်။

မြန်မာနိုင်ငံတွင် လက်ရှိမွေးမြူနေသော ရေချိုမျိုးစိတ်မှာဖော်ပြပါ ရေချိုပုစွန်တုပ်ကြီးမျိုး ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင်ရေချိုပုစွန်တုပ်ကြီးအား ရေချိုအရင်းအမြစ်များရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးတို့တွင် အများဆုံးမွေးမြူကြောင်းတွေ့ရှိရပါသည်။ မြန်မာနိုင်ငံတွင် ရေချို၊ ရေငန်ပုစွန်မွေးမြူ ဧရိယာ စုစုပေါင်း ၁၃၈၃၀၀ ဒသမ ၀၂ ဧကရှိပါသည်။ မြန်မာနိုင်ငံရှိ ရေချိုပုစွန် မွေးမြူသူအများစုမှာ ပုစွန်သီးသန့် မွေးမြူခြင်းထက် ငါးများနှင့်ရောနှောမွေးမြူသည့်စနစ်



မွေးမြူရေးရေချိုပုစွန်တုပ်ကြီး

(Polyculture System)နည်းဖြင့် မွေးမြူကြသည်ကို တွေ့ရှိရပါသည်။ ကျွန်မတို့နိုင်ငံတွင် ရေချို ပုစွန်နှင့် ရောနှောမွေးမြူသည့် ငါးအမျိုးအစားများမှာ ငါးခေါင်းပွ၊ ငါးမြစ်ချင်းနှင့်ငွေရောင်ငါးကြင်း တို့ဖြစ်ကြပါသည်။ ပုစွန်သည် ကန်အောက်ခြေတွင် နေထိုင်ကျက်စား သွားလာတတ်သည့်အတွက် ပုစွန်နှင့်တွဲမွေးမည့်ငါးသည် ရေလယ်နှင့်ရေပေါ်နေငါးမျိုးစိတ်များသည် ပိုသင့်လျော်ကြောင်းတွေ့ ရပါသည်။

ငါးနှင့်ရောနှောမွေးမြူသည့် ပုစွန်အရွယ်အစားမှာ သက်လတ်ကောင် (Juvenile) ဟုခေါ်သော ၁" မှ ၂" အရွယ်များဖြစ်ပါသည်။ ငါးနှင့်ပုစွန်ရောနှောမွေးမြူသူအများစုသည် ငါးကန်ကျယ်ကြီးများတွင် ငါးအစာ ကိုသာကျွေး၍ ပုစွန်အစာမကျွေးဘဲ မွေးမြူတတ်ကြပါသည်။ တစ်ဧကလျှင် ငါးဖျန်း ၅ လက်မ၊ ၆ လက်မ အရွယ်ကောင်ရေ ၁၅၀၀ ခန့်နှင့် ပုစွန်အား တစ်ဧကလျှင် Juvenile အကောင်ရေ ၁၅၀၀ မှ ၂၀၀၀ ခန့် ထိထည့်သွင်း မွေးမြူကြောင်းတွေ့ရှိရပါသည်။ မွေးမြူကာလမှာ ၈ လဖြစ်ပြီး ရရှိသော ပုစွန်အရွယ်မှာ တစ်ကီလိုဂရမ်တွင် ၁၅ ကောင် (တစ်ကောင် လေးကျပ်သားခန့်) ရှိတတ် ကြပါသည်။

ရေချိုပုစွန်တုပ်ကြီးအား သီးသန့်မွေးမြူနည်းစနစ် (Monoculture System) အား ကုမ္ပဏီ အချို့နှင့် မွေးတောင်သူအနည်းစုမှမွေးမြူကြပါသည်။ သီးသန့်မွေးမြူနည်းစနစ်တွင် မွေးမြူသည့် ပုစွန် အရွယ်အစားမှာသားပေါက်ကောင် (Post Larvae - PL) ၁ စင်တီမီတာမှ ၁.၅ စင်တီမီတာ အရွယ်အား တစ်လခွဲမှ နှစ်လအထိ ပျိုးကန်တွင်ပြုစုထားတတ်ကြပြီး ၁" မှ ၂" Juvenile အရွယ်



ရေငန်ပုစွန်ဖြူ

အား မွေးကန်ထဲထည့်၍ မွေးမြူကြကြောင်း တွေ့ ရှိ ရ ပါ သ ည် ။ မြန်မာနိုင်ငံတွင်ရေချိုပုစွန်သီးသန့်မွေးမြူသူ များသည်တစ်ဧကတွင် ပုစွန်Juvenile ကောင်ရေ ၁၀၀၀၀ ခန့် မှ ၁၅၀၀၀ ခန့် အတွင်းထည့်သွင်း၍ ပုစွန်အစာသီးသန့်ကျွေး၍ ၈ လခန့် အထိမွေးမြူကြပြီး မွေးကာလ ၄ လခန့်အကြာတွင် တစ်စိတ်တစ်ပိုင်းဖမ်းဆီးခြင်း (Partial Harvest) လုပ်ဆောင်တတ်ကြပါသည်။ ၂၀ ဂရမ်မှ ၄၀ ဂရမ် အရွယ်များအား ရွေးချယ်ဖမ်းဆီးကြပြီး နောက်ထပ် ၄ လအကြာတွင် ကန်အကုန်လုံးဖော်၍ ဖမ်းဆီးကြပါ သည်။ ပုစွန်တစ်ကီလိုဂရမ်တွင် ၁၀ ကောင် (ပုစွန်တစ်ကောင် ၆ ကျပ်သား အရွယ်) ရတတ်ကြပါသည်။ ကုမ္ပဏီအချို့ကတော့ လေပေးစနစ်၊ အစာကျွေးစနစ်များ ထပ်မံဖြည့်စွက်ပါကထည့်သွင်းနှုန်းကိုဖော်ပြပါနှုန်းထက်ပို၍ထည့်သွင်းတတ်ကြပါ သည်။

ရေငန်တွင်မွေးမြူသည့်ပုစွန်များအနက်အထင်ရှားဆုံး မွေးမြူကြသည့် ရေငန်ပုစွန်မျိုးစိတ်များ မှာ ကျားပုစွန် (Penaeus monodon) နှင့် ပုစွန်ဖြူ (Litopenaeus vannamei) တို့ဖြစ်ကြပါသည်။ ကမ္ဘာပေါ်တွင်ရေငန်ပုစွန်မွေးမြူရေးလုပ်ငန်း၏ ၇၀% သည် အာရှတိုက်မှာမွေးမြူနေကြပါသည်။ ကမ္ဘာ ပေါ်တွင် ရေငန်ပုစွန်မျိုးစိတ်ပေါင်း ၃၀၀ ကျော်ရှိသည့်အနက် မျိုးပေါင်း ၁၀၀ ခန့်အား ဖမ်းဆီးခြင်း၊ မွေးမြူခြင်းများ ဆောင်ရွက်လျက်ရှိပါသည်၊ ကျားပုစွန်ကို အင်ဒိုပစိဖိတ်ဒေသ၏ မြောက်ဖက်ပိုင်းရှိ ဂျပန်နှင့်ထိုင်ဝမ်အထိ၊ တောင်ဘက်တွင် ဩစတေးလျ၊ အနောက်ဘက်တွင် အာဖရိကတိုက်အထိ ပျံ့နှံ့ လျက်ရှိပါသည်။ အရှေ့ဖက်ပစိဖိတ်ကျွန်းစုများဖြစ်သည့် ဖီဂျီ၊ ဩစတေးလျ၊ ပါပူဝါနယူးဂီနီ၊ ထိုင်ဝမ်-တရုတ်၊ အရှေ့တောင်အာရှဒေသများ၊ အိန္ဒိယနှင့် မဒါဂတ်စကားကျွန်းအထိတွေ့ရပါသည်။ ကျားပုစွန်မျိုး များအား ကမ်းဝေးမှရေမိုင် ၂၀ အကွာ ပင်လယ်ပြင်



တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်ရှိ အဆင့်မြင့် ရေငန်ပုစွန်ဖြူ မွေးမြူကန်များ

အနက် မီတာ (၆၀ မှ ၈၀) အတွင်းမိတ်လိုက်ခြင်း၊ မျိုးပွားခြင်းများဆောင်ရွက်နိုင်ကြောင်းသိရှိရပါသည်။ ရေငန်ကျားပုစွန်မျိုးဖြစ်သော ဥဆောင်အမများ သည် ရေငန်နှုန်းမြင့်သည့် ပင်လယ်ထဲတွင် ဥအုချ၍ ရုပ်သွင်ပြောင်းလဲခြင်းအနေဖြင့် သားလောင်းအဆင့် ၃ ဆင့်ကူး ပြောင်းပြီးနောက် သားပေါက်ကောင် ဟုခေါ်သော(Post Larvae)အဆင့်ထိ ရှင်သန်ကြီး ထွား နိုင်ပါသည်။ သားပေါက်ကောင်နှင့်သက်လတ်ကောင်များသည် ရေချိုရေငန်စပ်ဒေသ၊ ဒီရေရောက်တော များတွင် ၄ လမှ ၆ လအထိ နေထိုင် ကျက်စားနိုင်ကြောင်းသိရှိရပါသည်။

မြန်မာနိုင်ငံတွင်လက်ရှိမွေးမြူနေသောရေငန်ပုစွန်မျိုးစိတ်မှာ ကျားပုစွန်နှင့်ပုစွန်ဖြူတို့ဖြစ်ကြပါ သည်။ ကျားပုစွန်မွေးမြူခြင်းအား ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးတို့ တွင်တွေ့ရပြီး ပုစွန်ဖြူ မွေးမြူခြင်းအား တနင်္သာရီတိုင်းဒေသကြီးတွင်အများအပြားမွေးမြူကြပြီး ရန်ကုန်တိုင်း

စာ-၁၅ သို့